ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 16 February 2026 ၁၂၀၉၅

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပညာပေးမှုများ၊ သုတေသနပြုမှုများ အမြဲဆောင်ရွက်သွားကြရန်လို စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့်တပ်မတော်သားများလိုအပ်

## တပ်မတော်သားများအားလုံး နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံမှ (၇)ရက်အတွင်း ပြန်လည်ထွက်ခွာရန် ခေါ်ယူညွှန်ကြားခဲ့ခြင်း** စာမျက်နှာ » ၇

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာ ဆောင်ရွက်** စာမျက်နှာ » ၉

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့** ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်သူလူထုထောက်ခံအားပေးမှု စဉ်ဆက်မပြတ်ရရှိအောင်ကြိုးပမ်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့အထိ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပခဲ့သည်။ ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူစုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိသည့်အနက် မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိသည်။ ရွေးကောက်ပွဲရလဒ်များကို ရွေးကောက်ပွဲအပိုင်းလိုက် ထုတ်ပြန်ကြေညာပေးခဲ့ပြီး အနိုင်ရကိုယ်စားလှယ်များ စာရင်းအပြင် FPTP မဲဆန္ဒနယ်များတွင် တစ်ဦးချင်းဆန္ဒမဲရရှိမှု၊ PR မဲဆန္ဒနယ်များတွင် ပါတီအလိုက် ကိုယ်စားလှယ်ရရှိမှုအခြေအနေများကို တစ်ပြိုင်နက်ထုတ်ပြန်ကြေညာပေးခဲ့သည်။

ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးခြင်းအားဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ပါတီအရေအတွက် မြင့်မားလာသည်ကို တွေ့ရသည်။ နိုင်ငံရေးပါတီ ၃၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပါတီ ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် နိုင်ငံရေးပါတီစုစုပေါင်း ၂၂ ပါတီမှ ကိုယ်စားလှယ်လောင်းများသာ ရွေးကောက်ခံခဲ့ရသည်။ ယခု ၂၀၂၅-၂၀၂၆ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီ ၅၇ ပါတီအနက် နိုင်ငံရေးပါတီစုစုပေါင်း ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ယခင်ရွေးကောက်ပွဲများထက် တိုင်းရင်းသားပါတီများ၊ ပါတီငယ်များ လွှတ်တော်အတွင်း ကိုယ်စားပြုခွင့် ပိုမိုရရှိလာခဲ့သည်။

မဲဆွယ်စည်းရုံးခြင်းကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုပေးခဲ့ပြီး နိုင်ငံရေးပါတီများ၏ တင်ပြချက်အရ ရွေးကောက်ပွဲအပိုင်းလိုက် ထပ်မံခွင့်ပြုပေးခဲ့သည်။ မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက်တွင် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့သည်။ ပြည်တွင်းပြည်ပမှ မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ကြိုတင်မဲပေးခြင်းကို ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်စောင့်ကြည့်ခြင်း၊ နိုင်ငံရေးပါတီများအား အကြောင်းကြားစာများပေးပို့ခဲ့ပြီး လာရောက်ကြည့်ရှုသည့် ကိုယ်စားလှယ်စာရင်းများကို တင်ပြစေခဲ့ခြင်း စသည်ဖြင့် ရွေးကောက်ပွဲတွင် မဲမသမာမှုမဖြစ်စေရေး အလေးထားဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံတစ်ရုံချင်းအလိုက် စာရင်းများရယူ ရလဒ်တွက်ချက်ခြင်းများကို ကော်မရှင်အဖွဲ့ခွဲများနည်းတူ ဆောင်ရွက်ပြီး စနစ်တကျထုတ်ပြန်ပေးခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲရလဒ်အသေးစိတ်များကို နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ လေ့လာကြည့်ရှုနိုင်ရန် ပွင့်လင်းမြင်သာစွာ ချပြပေးခဲ့သည်။ ပါတီကိုယ်စားလှယ်လောင်းများ နစ်နာမှုရှိသည်ဟုယူဆပါက သတ်မှတ်ကာလအတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။ ရွေးကောက်ပွဲအပိုင်းလိုက် စနစ်တကျဖြစ်စေရန်၊ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာမဲပေးနိုင်ရေးနှင့် လိုအပ်မှုများမရှိစေရေး ဆောင်ရွက်ပေးခဲ့သည်။ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များအား ဖိတ်ကြားပြီး စောင့်ကြည့်လေ့လာခဲ့ကြရာ လွတ်လပ်ပြီးတရားမျှတသော၊ ပွင့်လင်းမြင်သာသော၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့သည်။

နိုင်ငံတကာနှင့် ပြည်တွင်းသတင်းမီဒီယာဌာနများမှ သတင်းသမားများအနေဖြင့် ရွေးကောက်ပွဲတွင် လွတ်လပ်စွာ သတင်းရယူခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ၏ စည်းကမ်းစနစ်ကျနပြီး အဆင်ပြေစွာ လာရောက်မဲပေးမှုများကို ရေးသားထုတ်လွှင့်ပြသခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပပြီးစီးသွားသော်လည်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အမြဲတမ်းရှင်သန်နေသည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေး ဆောင်ရွက်ခြင်း၊ ကျင်းပခဲ့သည့် ရွေးကောက်ပွဲအပေါ်တွင် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ဥပဒေ၊ နည်းဥပဒေပြင်ဆင်ရေးအပါအဝင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပါတီများအနေဖြင့်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲကျင်းပပြီးစီးသွားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားမည့် ကိုယ်စားလှယ်နေရာများနှင့် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်အချိန်တွင် အဆင်သင့်ဖြစ်စေရေး၊ ရွေးကောက်ပွဲအနိုင်မရခဲ့သည့် ပါတီများအနေဖြင့် လွှတ်တော်ပြင်ပ အမျိုးသားနိုင်ငံရေးဆောင်ရွက်ခြင်းတို့ကို ပြည်သူလူထုနှင့် မဲဆန္ဒရှင်များ၏ အကျိုးကိုရှေးရှု၍ ပြည်သူလူထုထောက်ခံအားပေးမှုကို စဉ်ဆက်မပြတ် ရယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**

အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**

ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။


## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉ နာရီ ၁၇ မိနစ် ၁၉ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကနီမြို့၏ အနောက်-အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၃၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၀ ဒီဂရီ၊ အနက် ၆၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ


**တောမီးလောင်မှုမရှိစေရေး သတိပြုရန်**

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကို လိုက်နာရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။
( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။
( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။
( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။


## ၁၅ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် | |
| **ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ | |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** - ဇင်မာဝင့် | |
| | | **စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့ | |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့ | |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့ | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင်အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများ လျော့ပါးသွားခဲ့သော်လည်း လက်နက်ကိုင် ပဋိပက္ခများကြောင့် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှုမရှိကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းနှင့် မန္တလေးငလျင်ကြီး စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် နယ်မြေဒေသအလိုက် တပ်မတော်အရာရှိကြီးများကို သီးခြားတာဝန်များပေးအပ်ပြီး ဆောင်ရွက်ခဲ့ရာ ၆ လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းပြည်အခြေအနေ တိုးတက်လာသည်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲပြီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ မှန်ကန်စွာရရှိစေရေးအတွက်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မဲမသမာမှုများကို လုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များကို အသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးရှိပြီး ပြည်သူလူထုက ယုံကြည်အားကိုးသည့် ပါတီများ အနိုင်ရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများမည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေရသည်ကို သမိုင်းကြောင်း အထောက်အထားများအရသိရှိနိုင်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် အဆင့်မြင့်နည်းပညာများကို အသုံးချလာကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် ခေတ်နှင့်အညီ နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့သည် ညီနောင်တပ်ဖွဲ့များအဖြစ် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **တိုက်စွမ်းအားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက် အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့် လျော်ညီသည့် စစ်ဘက်နည်းပညာများအား အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

နိုင်ငံတော်နှင့် တပ်မတော်မှဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီ လက်နက်နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာ အသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **အမြဲလေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့အသုံးပြုရသည့် စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေကြရန်လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများကို အမြဲလေ့လာပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပျက်ပြောင်းလဲနေသည့် အခြေအနေများအလိုက် တပ်မတော်အနေဖြင့် ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာပေးမှုများ၊ သုတေသနပြုမှုများကို အမြဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ **စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့် တပ်မတော်သားများ လိုအပ်သဖြင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဟုမ္မလင်းတပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

❖ **စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ တိုက်စွမ်းအားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များအား အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက် အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့်လျော်ညီသည့် စစ်ဘက်နည်းပညာများအား အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ**

**နိုင်ငံ့စီးပွားတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြပြီး အဆိုပါလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် ကျေးလက်ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရေး မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ခြင်းကြောင့် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို တစ်နိုင်ငံလုံးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အားလုံးက အမှန်တကယ် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့ »»»**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## ဟုမ္မလင်းဒေသတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်ချက် များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှု၊ မန္တလေး ငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအချက်အလက်များနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့မှုတို့နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖများက ဟုမ္မလင်းမြို့နယ်အား မြို့နယ်အဆင့်မှ ခရိုင်အဆင့် အထိတိုးမြှင့်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်ရှိလျက်ရှိမှု၊ ဒေသအတွက်လိုအပ်လျက်ရှိသည့် လူငယ်သင်တန်းကျောင်းနှင့်အိမ်တွင်းမှု သင်တန်းကျောင်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုမှု၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိသည့်အတွက် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးစေလိုမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအားလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးမှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ယခုထက်ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းကောလိပ်အား တက္ကသိုလ်အဆင့်တိုးမြှင့်ပေးစေလိုမှုနှင့် အခြားဒေသဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

**တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဟုမ္မလင်းဒေသသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းများ နေ့အလိုက် ပုံမှန်ပြေးဆွဲဆောင်ရွက်လျက်ရှိမှုနှင့် ခရီးသည်တင်လေကြောင်းလိုင်းများအပြင်ဒေသစားရေးအဆင်ပြေစေရေးအတွက် ကုန်စည်တင်လေကြောင်းလိုင်းများကိုလည်းပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းလက်မှတ်များ အခက်အခဲမရှိစေရေးနှင့် ပုံမှန်ဈေးနှုန်းထက် ဈေးမြှင့်တင်ရောင်းချနေသူများအား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းမြို့ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ဖြေရှင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းလျှပ်စစ်ဓာတ်အားဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၇ ခုနှစ်တွင် ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းဒေသ၏ မြေမျက်နှာသွင်ပြင်အနေအထားအရ မြေနိမ့်ကော်ဖီ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနိုင်သည်ဖြစ်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားရန် တိုက်တွန်းလိုမှုနှင့် လိုအပ်သည့်မျိုးများနှင့် သွင်းအားစုများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်ဆွေးနွေးနိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆွေးနွေးညှိနှိုင်း အကူအညီတောင်းခံနိုင်မှု၊ ဟုမ္မလင်းဒေသအတွင်း မြေလွတ်မြေရိုင်းအသုံးချမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ကချမှတ်ပေးထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြတောင်းခံဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားနည်းဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မှု၊ ဟုမ္မလင်းခရိုင်၏ သစ်တောဖုံးလွှမ်းမှုအား လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားနိုင်မှုနှင့် ဝါးမျိုးစုံနှင့် ကြိမ်ထွက်ရှိသည့်ဒေသဖြစ်သဖြင့် ဝါးနှင့်ဝါးအခြေခံ အဆင့်မြင့်ထုတ်ကုန်များ၊ ကြိမ်ကုန်ချောထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မှု၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ယခုထက်ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မီးခိုးမြူငွေ့လျော့ကျရေးနှင့် လေထုညစ်ညမ်းမှုလျော့ကျရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှု၊ ဟုမ္မလင်း-ကတ်သာ-မိုဝိုင်းလွတ် ဆက်သွယ်ရေးလမ်းကြောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မလင်း-ကတ်သာ ဆက်သွယ်ထားသည့်တံတားကို ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊

**စာမျက်နှာ ၅ သို့**

»» **စာမျက်နှာ ၃ မှ**

**နိုင်ငံတော်နှင့်တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်**

တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်းထမ်းဆောင်ရသည့် တာဝန်များအလိုက် ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့်လည်း မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် တာဝန်ကျေပွန်ရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရမည့် တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏အရည်အသွေး၊ တပ်မတော်၏ အဆင့်အတန်းကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ၏ဘဝတိုးတက်စေရေးအတွက်လည်း ပညာရေးအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသော လူသားအရင်းအမြစ်များဖြစ်စေရေးအထိ မျှော်မှန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့သားသမီးများ၏ ဘဝအတွက်သာမက နိုင်ငံတော်၏အကျိုးအတွက်ပါ ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သားများအားလုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကိုတတ်နိုင်သမျှအကောင်းဆုံးထမ်းဆောင်သွားကြရန်**နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အင်ပြည့်အားပြည့် ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၄ မှ

ဟုမ္မလင်းခရိုင်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ အသင်းအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည့် ထောက်ပံ့ကြေးနှင့် ရင်းနှီးမတည်ငွေများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်း သွယ်တန်းရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံထည့်သွင်းတည်ဆောက်ရေး လုပ်ငန်းများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိမှု ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်သွားရန် လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပညာရေးပိုင်းနှင့်ပတ်သက်၍ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းနေဆဲဖြစ်ပြီး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းပါက အသိပညာပိုင်း၌လည်း အားနည်းချက်များ ရှိနေဦးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာ၌ နှောင့်နှေးနေဦးမည်ဖြစ်ကြောင်း၊ အသိပညာအတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်များ ရှိမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကောင်အထည် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာအတတ်ပညာ ကြွယ်ဝသည့်လူသားအရင်းအမြစ်များ များစွာရရှိခြင်းအားဖြင့် ဒေသနှင့်နိုင်ငံ၏အနာဂတ်ကောင်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသောနည်းလမ်းလေးသွယ်ဖြင့် ပြည့်စုံပါက အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများအစား စနစ်ကျနသည့် ခေတ်မီနည်းစနစ်များ အသုံးချဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဒေသန္တရစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ခေတ်မီသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ဒေသန္တရ ကြက်၊ ဝက်၊ နွားများကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူသွားမည်ဆိုပါက ဒေသ၏စားရေးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စားသောက်ရေးအတွက် အသား၊ ငါးများ၊ သောက်သုံးရေများနှင့် ရိက္ခာများကို ဖူလုံစွာရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဟုမ္မလင်းဒေသတွင် ဆန်ဖူလုံမှုရှိကြောင်း၊ အရည်အသွေးကောင်းသည့် စပါးများစိုက်ပျိုးရန်လိုကြောင်း၊ ရေလိုအပ်ချက်နှင့်ပတ်သက်၍ ချင်းတွင်းမြစ်နှင့်ချောင်းမြောင်းများ ပေါများစွာတည်ရှိသဖြင့် အဆိုပါမြစ်ချောင်းများမှ ရေများကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေနှင့် သောက်သုံးရေများ လုံလောက်စွာရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ အသုံးချနိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

အလားတူ ဒေသတွင်းလျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတန်းပညာ၊ အတတ်ပညာများ တတ်မြောက်သည့် ပညာတတ် လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ဒေသအလိုက် မွေးထုတ်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် နိုင်ငံတော်မှ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုကြောင်း၊ မိမိတို့၏ဇာတိဒေသတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ဒေသအတွင်း စားသောက်ကုန်များနှင့် လူသုံးကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုနိုင်ကြောင်း၊ ဒေသတွင်းပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်းတိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းကို အခြေခံပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရိက္ခာနှင့်ပတ်သက်၍ ဒေသတွင်း၌ မီးဖိုချောင်သုံး သီးနှံများကိုလည်း စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဟုမ္မလင်း)ကို ဖွင့်လှစ်ထားရှိသော်လည်း တက်ရောက်သူနည်းပါးပြီး မွေးမြူရေးပညာရပ်နှင့်ပတ်သက်၍ တက်ရောက်သူလုံးဝမရှိသဖြင့် မွေးမြူရေးပညာရပ်ပါ တက်ရောက်သင်ကြား၍ ဒေသ၏ မွေးမြူရေးကို အထောက်အကူပြုနိုင်သည့် လူသားအရင်းအမြစ်များ ရရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်စေရေး ဈေးကွက်သုတေသနပြုခြင်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးပညာရပ်များကို တတ်မြောက်သည့် ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ စီးပွားရေးပညာရပ်များကို တက္ကသိုလ်၊ ကောလိပ်များ၌ သင်ကြားပေးနေကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေး Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အချို့နေရာများ၌ ဆူပူသောင်းကျန်းမှုများ ပေါ်များခြင်းသည် အသိပညာအားနည်းမှု၊ အတတ်ပညာ အားနည်းမှုများနှင့် ဆက်စပ်နေသည်ကို အခြေခံအားဖြင့် တွေ့ရှိနိုင်ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည် ဖြစ်သော်လည်း အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကို အကြောင်းပြပြီး မိမိတို့၏ကိုယ်ကျိုးအတွက် နိုင်ငံတော်၏သယံဇာတများ တရားမဝင်ထုတ်ယူခြင်းများကို အမြောက်အမြား ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လက်နက်အားကိုးဖြင့် ဒေသခံပြည်သူများထံမှ ငွေကြေးများ အတင်းအဓမ္မကောက်ခံပြီး ၎င်းတို့၏ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ထိုသို့လုပ်ဆောင်နေမှုများကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုးများဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်၏အကျိုးအတွက် သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့် ပါတီအား နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စာမျက်နှာ ၆ သို့ ❐

❖ **ဟုမ္မလင်းဒေသအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်သွားရန် လိုအပ်ချက်ရှိနေဆဲဖြစ်၊ ဥပမာတစ်ခုအနေဖြင့် ပညာရေးပိုင်းနှင့်ပတ်သက်၍ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းနေဆဲဖြစ်ပြီး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို**

❖ **အတန်းပညာတတ်မြောက်မှုအားနည်းပါက အသိပညာပိုင်း၌လည်း အားနည်းချက်များ ရှိနေဦးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာ၌ နှောင့်နှေးနေဦးမည်၊ အသိပညာ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကောင်အထည်ဖော်ဆောင်နိုင်မည်**

❖ **ဒေသနှင့်နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာ အတတ်ပညာ ကြွယ်ဝသည့်လူသားအရင်းအမြစ်များ များစွာရရှိခြင်းအားဖြင့် ဒေသနှင့် နိုင်ငံ၏အနာဂတ်ကောင်းကို ဖော်ဆောင်နိုင်မည်**

❒ စာမျက်နှာ ၅ မှ

နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ မရှိစေရေး အားလုံးဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဟုမ္မလင်းဒေသသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်မှ တတ်နိုင်သမျှ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းပြေးဆွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟုမ္မလင်းဒေသတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရှမ်းအမျိုးသားယဉ်ကျေးမှုအဖွဲ့၊ ချင်းအမျိုးသားယဉ်ကျေးမှုအဖွဲ့နှင့် နာဂအမျိုးသားယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားများက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ တိုင်းရင်းသားရိုးရာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

## နိုင်ငံတော်နှင့် ပြည်သူများ အားထားရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပေးနေသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်ရုံး)နှင့် ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "ထာဝရမြန်မာ့အသံ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က MRTV DVB–T2 နှင့် MRTV DTH စနစ်တို့တွင် ပုဂ္ဂလိကရုပ်သံလိုင်း Channel အသစ်သုံးခုဖြစ်သည့် Uni TV HD Channel၊ SNDSY Entertainment HD Channel နှင့် Channel 24 တို့ စတင်တိုးချဲ့ထုတ်လွှင့်မှုနှင့် ပုဂ္ဂလိက DTH ရုပ်သံဝန်ဆောင်မှု လုပ်ငန်းအသစ်ဖြစ်သည့် Softtech – DTH စနစ် စတင်ထုတ်လွှင့်မှုတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် "နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မီဒီယာ" Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားသည့် နိုင်ငံတော် မီဒီယာဌာနတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်ကျေပွန်ခဲ့ပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့် ဌာနတစ်ခုအဖြစ် နှစ်(၈၀) ပြည့်တိုင် သမိုင်းမော်ကွန်း မှတ်တိုင်ကို ဝံ့ကြွားစွာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် နှပျိုသစ်လွင်၍ သွက်လက်ထက်မြက်ပြီး ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် မူလရည်မှန်းချက်(၃)ရပ် ဖြစ်သည့် သတင်း အချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန် တာဝန်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်တင်ဆက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် မီဒီယာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တပ်စခန်း နေရာများအထိ သွားရောက်ဖျော်ဖြေ၍ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့် ဒေသများနှင့် ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများ အပန်းဖြေစိတ်ခွန်အားသစ်များရရှိစေရန် ဖျော်ဖြေပေးခြင်း အပါအဝင် နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရန် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း။

အလားတူ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ ကာလရှည်ကြာစွာ လက်တွဲနေထိုင်ခဲ့ကြသည့် မိမိတို့နိုင်ငံအပေါ် ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်မီဒီယာများက နည်းမျိုးစုံအသုံးပြု လုပ်ကြံဝါဒဖြန့်ကာ နိုင်ငံတော်ပြိုကွဲအောင် ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အချင်းချင်း ယုံကြည်လေးစားမှု၊ နားလည်မှုများ အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည် ဖြစ်ပြီး မီဒီယာကဏ္ဍမှလည်း လုပ်ကြံဝါဒဖြန့်မှု၊ သတင်းတု သတင်းမှားများကို မီဒီယာစွမ်းအားဖြင့်ချေဖျက်ပြီး သတင်းမှန် ပြန်ကြားပေးနိုင်အောင် အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

> **❛ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အချင်းချင်း ယုံကြည်လေးစားမှု၊ နားလည်မှုများ အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည်ဖြစ်ပြီး မီဒီယာကဏ္ဍမှလည်း လုပ်ကြံဝါဒဖြန့်မှု၊ သတင်းတု သတင်းမှားများကို မီဒီယာစွမ်းအားဖြင့် ချေဖျက်ပြီး သတင်းမှန်ပြန်ကြားပေးနိုင်အောင် အလေးထား ဆောင်ရွက်ပေးကြရန် လိုအပ် ❜**

ခေတ်အဆက်ဆက် MRTV ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မီဒီယာကဏ္ဍမှ တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများ အနေဖြင့်လည်း သမိုင်းပေးတာဝန်များကို ကျေပွန်စွာဆက်လက် ထမ်းရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အားထားရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပေးနေသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် နှစ်(၈၀)ပြည့်မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများစွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် နယ်မြေအခြေအနေအရ ခေတ္တရပ်နားခဲ့ရသော ဒေသများရှိ ရုပ်သံလွှင့်စက်ရုံများ အမြန်ဆုံးပြန်လည် ထုတ်လွှင့်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံမှ (၇)ရက်အတွင်း ပြန်လည်ထွက်ခွာရန် ခေါ်ယူညွှန်ကြားခဲ့ခြင်း

တီမောလက်စ်တေအစိုးရက ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူအပါအဝင် အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း စာဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်ဖြစ်ရေး ကိစ္စအပေါ် မြန်မာနိုင်ငံက မိမိ၏မူလရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် အာဆီယံ၏ တူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်ခဲ့သည်။ သို့ရာတွင် တီမောလက်စ်တေအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးသည့် နောက်ပိုင်းကာလများတွင်လည်း ၎င်း၏ကတိကဝတ်များနှင့်တာဝန်များကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။

တီမောလက်စ်တေသမ္မတသည် မြန်မာတပ်မတော်အရာရှိကြီးအချို့အပေါ် တရားစွဲဆိုသည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ ကိုယ်စားလှယ်ဆိုသူများကို ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦးက အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် အဆိုပါအပြုအမူသည် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တို့တွင် ဖော်ပြပါရှိသည့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ အဆိုပါအပြုအမူကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသိပေးပြီး တီမောလက်စ်တေအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံ ပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် တီမောလက်စ်တေ၏ အပြုသဘောမဆောင်သည့် အပြုအမူအပေါ် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပြန်လည်ပေးပို့ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြေအနေကို နီးကပ်စွာ ဆက်လက်လေ့လာစောင့်ကြည့်၍ မြန်မာနိုင်ငံအပေါ် ထားရှိသည့် တီမောလက်စ်တေ၏ သဘောထားရပ်တည်ချက် ပြောင်းလဲခြင်းမရှိပါက ပိုမိုပြင်းထန်သည့် အစီအမံများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် သတိထောက်လွှာတစ်စောင်ကိုလည်း တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံနှင့်တွေ့ဆုံစဉ် ပေးအပ်ခဲ့သည်။ ဆက်လက်၍ အာဆီယံ၏ အခြေခံမူများနှင့် အလေ့အထများကို ဖောက်ဖျက်သည့် တီမောလက်စ်တေ၏အပြုအမူများကို ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချသည့် သတင်းထုတ်ပြန်ချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၈-၁-၂၀၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်သည် တီမောလက်စ်တေနိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် ၂၉-၁-၂၀၂၆ ရက်တွင် တွေ့ဆုံစဉ် တီမောလက်စ်တေ၏အပြုအမူကို ပြစ်တင်ရှုတ်ချသည့် မြန်မာအစိုးရ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအသိပေးခဲ့ပြီး တီမောလက်စ်တေအစိုးရအနေဖြင့် ၎င်း၏ကတိကဝတ်များနှင့် အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုယိုယွင်းသွားစေနိုင်သည့် အရေးကိစ္စများအား ရှောင်ရှားနိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပေးပို့ရန် ထပ်မံတောင်းဆိုခဲ့ရာ ဝန်ကြီးက ဖြေရှင်းချက်ကို တစ်ပတ်အတွင်းပေးပို့မည်ဟု ကတိပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တီမောလက်စ်တေဘက်မှ ပေးပို့လာမည့် ဖြေရှင်းချက်ကို စောင့်ဆိုင်းနေသည့်ကာလအတွင်း တီမောလက်စ်တေအစိုးရသည် ချင်းလူ့အခွင့်အရေးအဖွဲ့၏ တရားစွဲဆိုမှုကို လက်ခံ၍ အမှုကိုလေ့လာကြည့်ရှုရန် ဝါရင့်ရှေ့နေတစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း ဖော်ပြပါရှိသည့်သတင်းများကို စိတ်ပျက်ဖွယ်ရာ တွေ့ရှိရသည်။ တရားစွဲဆိုမှုကို လက်ခံသည့် အလားတူဖြစ်စဉ်မျိုး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယခင်ကမရှိခဲ့ဖူးသဖြင့် ဤဖြစ်စဉ်သည် ယခင်ကမရှိခဲ့ဖူးသည့်အစဉ်အလာနှင့် အပြုသဘောမဆောင်သည့်ဘက်မှ အဓိပ္ပာယ်ကောက်ယူမှုများကို ဖြစ်ပေါ်စေခဲ့သည့်အပြင် မြန်မာပြည်သူများ၏ နာကြည်းခံပြင်းမှုများကိုလည်း ပိုမိုမြင့်တက်စေခဲ့သဖြင့် နောက်ဆုံးတွင် အကျိုးဆက်အဖြစ် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ လက်ရှိနှစ်နိုင်ငံဆက်ဆံရေးအပေါ် မလိုလားအပ်သည့် တန်ပြန်ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။

ယခင်ကလည်း အကြိမ်ကြိမ်ထောက်ပြပြောဆိုခဲ့သည့်နည်းတူ တီမောလက်စ်တေသမ္မတ၏ အပြုသဘောမဆောင်သည့် ပြုမူဆောင်ရွက်ချက်များနှင့် ချဉ်းကပ်မှုပုံစံများသည် အာဆီယံပဋိညာဉ်ပါ အခြေခံမူများ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်မဟုတ်သည့် အခြားနိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်ရေးအတွက် မိမိ၏ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပြုခြင်းမှ ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် ပဋိညာဉ် အပိုဒ် ၂၊ အပိုဒ်ခွဲ ၂ (က)၊ (င) နှင့် (ဋ) ပါ အချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရတို့အကြား ဆက်ဆံရေးကောင်းမွန်မှုရှိသော်လည်း တီမောလက်စ်တေသမ္မတအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မကြာခဏဝင်ရောက်စွက်ဖက်နေသည့်အတွက်ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ရန်ကုန်မြို့ရှိ တီမောလက်စ်တေသံရုံး ယာယီတာဝန်ခံ မစ္စတာ အဲလီစီယို ဒို ရိုဆားရီရို ဒီ ဆော်ဆာ အား ၁၃-၂-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း (၁၉၆၁) အပိုဒ် ၉ နှင့်အညီ ၂၀-၂-၂၀၂၆ ရက်မတိုင်မီ မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာရန် ၎င်းအား ညွှန်ကြားခဲ့ပြီး အကယ်၍ တီမောလက်စ်တေအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် ၎င်း၏ ရပ်တည်ချက်သဘောထားများ ပြောင်းလဲခြင်းမရှိသေးပါက ပိုမိုပြင်းထန်သည့် အစီအမံများ ထပ်မံချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများအကြား တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အချုပ်အခြာအာဏာလေးစားရေးနှင့် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ပါအခြေခံမူများကို လေးစားလိုက်နာရေး စသည့်မူဝါဒများအပေါ်တွင်အခြေပြု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းထားရှိရန် ဆက်လက်ကတိကဝတ်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ပြည်နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း စက်မှုလုပ်ငန်းများ စစ်ဆေးခဲ့မှု၊ စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ လျှပ်စစ်၊ ဘွိုင်လာ စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်၊ ဘွိုင်လာများ စတင်အသုံးပြုခဲ့မှု၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ စတင်ပေါ်ပေါက်လာမှုနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ထိန်းကျောင်းခဲ့သည်ကို သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များကို မြို့နေပြည်သူများအတွက် လိုအပ်သောစားသောက်ကုန်၊ အသုံးအဆောင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်



ရည်ရွယ် တည်ထောင်ထားခြင်းဖြစ်၍ ရည်မှန်းချက်ပြည့်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ MSME လုပ်ငန်း အရေအတွက်များကို စာရင်းကောက်ယူပြီး ဖွံ့ဖြိုးတိုးတက်မှု ရှိ၊ မရှိ စောင့်ကြည့်လေ့လာသုံးသပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်၍ ထိရောက်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်ရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်နိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် လေ့လာသင်ယူကြရမည် ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်တန်းမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်တန်း ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေပြည်သာယာရပ်ကွက်ဓမ္မာရုံ၌ ယနေ့မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောက်တန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ မျိုးထွန်းက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများ၊ ဇီဝလုံခြုံမှုနှင့် လုပ်ဆောင်ရမည့်အချက်အလက်များကို ရှင်းလင်းဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၈၀)ပြည့် အထိမ်းအမှတ် ထူးချွန်ဆုရရှိသောဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအတွက် ဗလာမပါကံစမ်းမဲများ ချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှစ် (၈၀)ပြည့် အခမ်းအနားမှသည် နောင်နှစ်ပေါင်းများစွာ MRTV ၏ ဂုဏ်သိက္ခာကို ဝန်ထမ်းအားလုံးက ဆက်လက်ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်မီဒီယာဖြစ်အောင် ဝိုင်းဝန်းကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝန်ထမ်းလုပ်သက် ၃၅ နှစ် ပြည့်မြောက်သည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ် (၈၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်အား ပြည်ထောင်စုဝန်ကြီးထံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းလုပ်သက် ၃၅ နှစ် ပြည့်မြောက်သည့် ဝန်ထမ်းငါးဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိကြသော ဝန်ထမ်း ၃၉ ဦးအနက်မှ ကိုယ်စားလှယ်တစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်တွင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ဝန်ထမ်းနှစ်ဦးနှင့် ဌာနခွဲများအလိုက် အစီအစဉ်ထုတ်လုပ်မှု ထူးချွန်ဆုရရှိခဲ့သော ဝန်ထမ်းလေးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းတည်းဖြတ်ထုတ်လွှင့်မှု ထူးချွန်ဆု၊ သတင်းတင်ဆက်မှု ထူးချွန်ဆု၊ ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ ထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအတွက် ဗလာမပါကံစမ်းမဲများကို ဖွင့်ဖောက်၍ ပေးအပ်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ် ဆေးသမားကြီးIDP စခန်း၌ အဆောက်အအုံများနှင့် ရေတုံကင်များ တပ်ဆင်ပြီးစီးမှုကြည့်ရှုစစ်ဆေး

စစ်တွေ ဖေဖော်ဝါရီ ၁၅

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ဆေးသမားကြီး IDP စခန်းတွင် အဆောက်အအုံများနှင့် ရေတုံကင်များတပ်ဆင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေး တာဝန်ခံက ဆေးသမားကြီး IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အလျား ၄၅ ပေ၊ အနံပေ ၃၀ အဆောက်အအုံ ၁၈ လုံး ဆောက်လုပ်ခြင်း၊ ရေတုံကင် ၁၈ လုံး တပ်ဆင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက အဆောက်အအုံများနှင့် ရေတုံကင်များ တပ်ဆင်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် စခန်းအတွင်းရှိ ပြည်သူများ ပြန်လည်နေရာချထားမည့် အစီအမံများကို ဖြည့်စွက်ရှင်းလင်း တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ ဦးဆောင်ကာ စနစ်တကျနေရာချထားနိုင်ရေး၊ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောနိုင်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ စနစ်တကျ စီမံထားရှိနိုင်ရေး အလေးပေး ဆောင်ရွက်သွားကြရန် မှာကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စခန်းအတွင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ရေတုံကင်များ တပ်ဆင်ပြီးစီးမှုနှင့်ရေရရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ဆီချောဆီ ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ အရည်အသွေးမှန်ကန်မှုရှိစေရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ Energetic Alliance Petroleum Products Co., Ltd. နှင့် Hein Engineering Co., Ltd. တို့၏ စက်ဆီချောဆီ ရောစပ်စက်ရုံနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ Pacific-PSP Syntech Co., Ltd. ၏ စက်ဆီချောဆီ ရောစပ်စက်ရုံများကို သွားရောက်၍ ပြည်ပမှ စက်မှုကုန်ကြမ်းတင်သွင်းကာ ပြည်တွင်း၌ စက်ဆီချောဆီရောစပ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ထိုသို့ကြည့်ရှုစစ်ဆေးစဉ် စက်ရုံအသီးသီးမှ တာဝန်ရှိသူများက ပြည်ပမှ စက်မှုကုန်ကြမ်းတင်သွင်း၍ ပြည်တွင်း၌လိုအပ်နေသော စက်ဆီချောဆီအမျိုးမျိုး ရောစပ်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေမှု၊ စက်ဆီချောဆီအမျိုးအစားများအလိုက် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များ ရယူဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာဈေးကွက်အထိ တင်ပို့နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက စက်ဆီချောဆီ အရည်အသွေးမပြည့်မီမှုသည် လယ်ယာနှင့် စက်မှုကဏ္ဍသုံး စက်ပစ္စည်း၊ ယန္တရားများ၊ မော်တော်ယာဉ်များ၏ စွမ်းဆောင်ရည်နှင့် ရေရှည်အသုံးပြုနိုင်မှုအပေါ် ထိခိုက်မှုများစွာရှိလာမည်ဖြစ်သဖြင့် စက်ဆီချောဆီများ၏ အရည်အသွေးပြည့်မီရေးသည် အရေးကြီးပါကြောင်း၊ ကုန်ကြမ်းပစ္စည်းများ မှာယူရာတွင် အရည်အသွေး မှန်ကန်မှုဆိုင်ရာ အထောက်အထား၊ နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များနှင့်အတူ စနစ်တကျစာချုပ်ချုပ်ဆို ဝယ်ယူရေးအလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ပမှတင်သွင်းလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများအား စနစ်တကျသိုလှောင်ခြင်း၊ ရောစပ်ထုတ်လုပ်ရာတွင် အတည်ပြုထားသော Formula နှင့်အညီ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်သည့် ကုန်ချောများ၏ အရည်အသွေးတစ်သမတ်တည်းဖြစ်စေရေး စစ်ဆေးကြပ်မတ်သွားရန်လိုအပ်ကြောင်း၊ သတ်မှတ်ထားသည့်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး ဓာတ်ခွဲခန်းတွင် အလေးထား စစ်ဆေးကြသည့်အတွက် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၏ အရည်အသွေးနှင့်စံ မှန်ကန်မှုရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

အရည်အသွေး ပြည့်မီသော စက်ဆီချောဆီများကို သုံးစွဲသူပြည်သူများလက်ဝယ်သို့ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း သုံးစွဲသူပြည်သူများ အာမခံချက်ရှိစေရေးအတွက် ကုန်ချောများအပေါ် လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များရရှိရေး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများအားပြည်တွင်း၌ထုတ်လုပ်ရောင်းချနိုင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ပါကြောင်း၊ စက်ရုံနှင့် ပတ်ဝန်းကျင် အမြင်တင့်တယ်သန့်ရှင်းသာယာ လှပရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများ စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး စက်ရုံများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လိုအပ်ချက်ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ် မဟာဝိဟာရကျောင်းတိုက်ရှိ သံဃာတော်များအား အသည်းရောင်အသားဝါ (ဘီ)ပိုး၊ (စီ)ပိုး ရှိ၊ မရှိစစ်ဆေးပေးခြင်းနှင့် (ဘီ)ပိုးကာကွယ်ဆေးထိုးနှံပေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော သံဃာတော်များအား အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ ဖောင်ဒေးရှင်း(မြန်မာ)နှင့် Trust Alliance Company တို့ပူးပေါင်း၍ ပထမအကြိမ် အသည်းရောင်အသားဝါ(ဘီ)ပိုး၊ (စီ)ပိုးစစ်ဆေးခြင်းနှင့် ဘီပိုးကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာဝိဟာရကျောင်းတိုက် စာချနာယက ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း (မြန်မာ)နာယက ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်(ငြိမ်း)၊ ဥက္ကဋ္ဌ ပါမောက္ခဆရာဝန်ကြီးဦးကျော်စိုးထွန်း ဦးစီး၍ အသည်းအထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် Trust Alliance Company မှတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကျန်းမာရေးဌာနတို့မှ ဆရာဝန် ဆရာမများက ဆရာတော် သံဃာတော်အပါး ၇၀၀ အား အသည်းရောင်အသားဝါ (ဘီ)ပိုး၊ (စီ)ပိုး ရှိ၊ မရှိ စစ်ဆေးပေးနေမှုနှင့် (ဘီ)ပိုး ကာကွယ်ဆေး ထိုးနှံပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ ဖောင်ဒေးရှင်း (မြန်မာ)သို့ အလှူငွေပေးအပ်လှူဒါန်းရာ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း (မြန်မာ) နာယကနှင့် ဥက္ကဋ္ဌပါမောက္ခဆရာဝန်ကြီးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးနှင့် ခင်းကျင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၅) ဗိုလ်ချို(၁)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်းရှိဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ သွားရောက်၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော မော်တော်ယာဉ်အား Htoo Auto Service နှင့် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာနတို့က ပြုပြင်ထိန်းသိမ်းမှုနှင့် စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)သို့ ရောက်ရှိစစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)ရှိ တိုင်းကျိုးပြည်ပြုလွှတ်တော်အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာပေအထောက်အထားများ၊ အာဇာနည်များ၏ သမိုင်းမှတ်တမ်းအထောက်အထားများအား ခေတ်မီနည်းပညာအသုံးပြု၍ ကြည်လင်ပြတ်သားမှုရှိစေရေး ဆောင်ရွက်ပြီး ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းရုံးထိုင်သည့်နေရာအား မူလအတိုင်း ခင်းကျင်းထားရှိမှုနှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းမှုများကို စစ်အင်ဂျင်နီယာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းကို ဖြေရှင်းနိုင်ရန်နှင့် နောက်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြည်နယ် လုပ်ငန်းကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းဆွေးနွေး**

အစည်းအဝေးတွင် မွန်ပြည်နယ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများအနေဖြင့် စံပြုလုပ်ထုံးလုပ်နည်းများ (SOP) ပါ သတ်မှတ်ချက်များနှင့် အညီ လုပ်ငန်းတာဝန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူဦးရေတိုးတက်လာခြင်း၊ စီးပွားရေးအဆောက်အအုံများ တိုးတက်လာခြင်း၊ နိုင်ငံတော်နှင့် အများပြည်သူများ အကျိုးစီးပွားအလို့ငှာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အတွက် မြို့ပြစီမံကိန်းများ၊ စီးပွားရေး လုပ်ငန်းစီမံကိန်းများ၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းများအတွက် အသုံးပြုရန်မြေနေရာ လိုအပ်ပါကလည်း (SOP)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနာဂတ် အသုံးပြုမှုစီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိရန်နှင့် လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြင့် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ပြည်နယ်မှူးက လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းကို ဖြေရှင်းနိုင်ရန်နှင့် နောက်ထပ်မံ မဖြစ်ပွားစေရေးအတွက် ထိန်းချုပ်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများ အဆင့်ဆင့်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

**အမှာစကားပြောကြား**

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်လုပ်ငန်းကော်မတီအဖွဲ့ဝင်များမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး မွန်ပြည်နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**





၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသ ဆောင်ရွက်မှုကို တွေ့ရစဉ်။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ရိုးတွင်းခြင်ဆီ အစားထိုးကုသဌာန(Bone marrow Transplant Centre)သို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း၌ ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာလေးဦးမှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ ၆၃ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ ၄၆ နှစ်အရွယ်အမျိုးသားတစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင် မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး ဆောင်ရွက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ခဲ့ရာ သွေးရောဂါအထူးကုဌာန၌ ရိုးတွင်းခြင်ဆီအစားထိုးကုသဌာနကို ပိုမိုပြည့်စုံကောင်းမွန်သော ဌာနအဖြစ် တိုးချဲ့ထည့်သွင်း တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှု ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်အတွင်းလူနာ ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်အထိ လူနာလေးဦး စုစုပေါင်းလူနာ ၂၉ ဦးကို ဆောင်ရွက်နိုင်ခဲ့သည်။

ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်းကို ပြည်ပနိုင်ငံများတွင် ပြုလုပ်ပါက ကျန်းမာရေးကုန်ကျစရိတ်များစွာကုန်ကျနိုင်ပြီး ပြည်သူများကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ဒေါက်တာလပြည့်ခင်

မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံပိုင်စက်ရုံလုပ်ငန်းများမှ ကုန်ထုတ်လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိသလို တစ်ချိန်တည်းမှာပင် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

**"သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးမှုမဖြစ်စေဘဲ သာယာဝပြောသည့် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ ပိုမိုသန့်ရှင်းသော ထုတ်လုပ်မှုဖြစ်စေသည့် သယံဇာတအရင်းအမြစ်အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့်ထုတ်လွှတ်အခိုးအငွေ့များ အနည်းဆုံးဖြစ်စေရေး၊ ၎င်းတို့၏ဆိုးကျိုးသက်ရောက်မှုမှ ကာကွယ်မှုများပြုလုပ်ရေး၊ ကောင်းမွန်သန့်ရှင်းသောသဘာဝနှင့် လူ့ပတ်ဝန်းကျင်ကိုထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ်အသုံးချဆောင်ရွက်"**

စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဓာတုပစ္စည်းများအသုံးပြုမှုမှာလည်း လွန်စွာများပြားလာပြီး ထိုဓာတုပစ္စည်းအသုံးပြုသည့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် ဓာတုဓာတ်ကြွင်းများပါဝင်သော စွန့်ပစ်ပစ္စည်းထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း နိုင်ငံတော်၏ ရေထု၊ မြေထု၊ လေထု အပါအဝင် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်ပျက်သုဉ်းမှုနှင့် ညစ်ညမ်းမှုများ မဖြစ်စေရေးအတွက် အလေးထား၍ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်ညစ်ညမ်းနိုင်သည့်ကိစ္စများကို စနစ်တကျစီမံဆောင်ရွက်ထားမှသာ သာယာလှပသော နိုင်ငံတော်ကြီးကို ရရှိနိုင်မည်ဖြစ်သည်။

**နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆက်စပ်မှု**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုသည် စက်မှုနည်းပညာဖွံ့ဖြိုးမှုနှင့် ဆက်နွှယ်လျက်ရှိသည်မှာ လူသားတိုင်း သိထားကြပြီးဖြစ်သည်နှင့်အညီ နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ သဘာဝအရင်းအမြစ်နှင့် သယံဇာတပစ္စည်းများအား ထုတ်ယူသုံးစွဲမှု များပြားလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုများလည်း များပြားလာသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်လာရပါသည်။

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများနှင့် သစ်တောပြုန်းတီးမှုများ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အများအပြားစွန့်ထုတ်မှုများဖြစ်ပေါ်လာကာ ကမ္ဘာကြီးပူနွေးမှု၊ ရေခဲတောင်များအရည်ပျော်မှု၊ ကမ္ဘာ့အိုဇုန်းလွှာပါးလွှာပျက်စီးမှုနှင့် ကမ္ဘာ့လေထုအတွင်း အောက်ဆီဂျင်နည်းပါးလာမှု စသည့်ဖြစ်ရပ်များပါ နောက်ဆက်တွဲရလဒ်များအဖြစ် ဖြစ်ပေါ်လာပါသည်။ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးသကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသည့် စက်မှုကဏ္ဍမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ၊ လေလွင့်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်မှာ အလွန်အရေးကြီးလှသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်ရှိ လူသားတိုင်း၊ နိုင်ငံသားတိုင်း မလွဲမသွေဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်လာပါသည်။

**ဓာတုပစ္စည်းအသုံးပြုစက်မှုလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအသုံးပြု၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်သော အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများသည် လူသားတို့ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို အနည်းနှင့်အများ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အား အန္တရာယ်ဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းစွန့်ပစ်ခြင်းသည် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျထိန်းသိမ်းစွန့်ပစ်ခြင်းကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးကာ ဆိုးကျိုးမဖြစ်ပေါ်စေသော ခေတ်မီဖွံ့ဖြိုးသည့် နည်းပညာသုံးစက်မှုလုပ်ငန်းများ ပေါ်ထွန်းအောင် အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး စွမ်းအင်သုံးစွဲရာတွင်လည်း စွမ်းအင်ထိရောက်စွာ အသုံးချနိုင်ရေး၊ စွမ်းအင်လေလွင့်ပြုန်းတီးမှုမရှိစေသည့် Energy Saving, Energy Conservation လုပ်ထုံးလုပ်နည်းများကို ကျင့်ကြံလိုက်နာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ဖော်ထုတ်သုံးစွဲရေးတို့ကို အားပေးသွားရမည်ဖြစ်ပါသည်။

**အစိမ်းရောင်စက်မှုလုပ်ငန်းများဖြစ်ပေါ်ရေး**

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမဖြစ်စေဘဲ သာယာဝပြောသည့် စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ ပိုမိုသန့်ရှင်းသော ထုတ်လုပ်မှုဖြစ်စေသည့် သယံဇာတအရင်းအမြစ် အသုံးချမှု ပိုမိုထိရောက်စေရေး၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးနှင့်ထုတ်လွှတ်အခိုးအငွေ့များ အနည်းဆုံးဖြစ်စေရေး၊ ၎င်းတို့၏ ဆိုးကျိုးသက်ရောက်မှုမှ ကာကွယ်မှုများပြုလုပ်ရေး၊ ကောင်းမွန်သန့်ရှင်းသောသဘာဝနှင့် လူ့ပတ်ဝန်းကျင်ကိုထိန်းသိမ်းထားရှိရေးတို့အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထုတ်လုပ်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံမဟာဗျူဟာများဖြင့် စဉ်ဆက်မပြတ်အသုံးချဆောင်ရွက်သွားရပါမည်။ အသစ်တည်ဆောက်မည့် စက်မှုလုပ်ငန်းများတွင်လည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားပါက အနာဂတ်တွင် Clean Production ဖြင့် တိုးတက်သည်ထက် ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)တွင် စက်မှုကဏ္ဍ၏ပါဝင်မှုအချိုးမြင့်တက်လာပြီး နိုင်ငံတော်၏အကျိုးစီးပွားကို စက်မှုကဏ္ဍက ဦးဆောင်သွားနိုင်သော အခြေအနေသို့ ရောက်ရှိရေး၊ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကွင်းဆက်အတွင်းသို့ ဦးတည်ရာလမ်းကြောင်းမှန်ကန်စွာဖြင့် ဝင်ရောက်နိုင်ရေး၊ ခေတ်ကာလအလိုက် ပြောင်းလဲဖြစ်ပေါ်လာမည့် စီးပွားရေးပတ်ဝန်းကျင်နှင့် ဒေသတွင်းလိုအပ်ချက်များအရ ရည်မှန်းချက်နှင့် မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ခြင်းအားဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးတို့ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုကဏ္ဍတစ်ရပ်ကို ဖော်ဆောင်သွားနိုင်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှု မဖြစ်စေသည့် အစိမ်းရောင်စက်မှုလုပ်ငန်းများတည်ထောင်၍ သာယာဝပြောသည့်စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး 6Rs အသုံးပြုပေး**

သက်ရှိများအတွက် နေမှလာသော Cosmic Ray ထဲမှ ခရမ်းလွန်ရောင်ခြည်ကို ထိန်းသဖွယ်ကာကွယ်ပေးထားသည့် အိုဇုန်းလွှာကို ဆက်လက်တည်တံ့စေရေး၊ ပေါက်ပြဲမှုမဖြစ်စေရေးတို့အတွက် လျှပ်စစ်ပစ္စည်းလူသုံးကုန်များတွင် တားမြစ်ထားသည့် Freon gas ကဲ့သို့ အအေးပေးဓာတ်ငွေ့များမပါရှိမှသာ ကမ္ဘာကြီးပူနွေးလာမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော White Pollution ဟု သတ်မှတ်ထားသည့် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချခြင်း (Reduce)၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျခွဲခြား၍ ပြန်လည်အသုံးပြုခြင်း (Reuse)၊ အသစ်တစ်ဖန် ပြန်လည်သုံးစွဲရန် ဆောင်ရွက်ခြင်း (Recycle)၊ စားသုံးသူများက ၎င်းတို့မနှစ်သက်သော လူသုံးကုန်ပစ္စည်းများကို ငြင်းပယ်ခွင့်ရှိခြင်း (Refuse)၊ စားသုံးသူများ၏ ကုန်ပစ္စည်းသုံးစွဲမှုပုံသဏ္ဌာန်ကို ပြန်လည်စဉ်းစားသုံးသပ်စေခြင်း (Rethink)၊ ကုန်ပစ္စည်းများကို စားသုံးသူမှ အလွယ်တကူပြုပြင်နိုင်သည့် ဒီဇိုင်းပုံစံပြုလုပ်စေခြင်း (Repair) စသည့် 6Rs လုပ်ငန်းများကို ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးများကြောင့် ပိုမိုသန့်စင်သောထုတ်လုပ်မှုနည်းစဉ်များသုံးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်စေခြင်း၊ စွမ်းအင်စီမံခန့်ခွဲခြင်းနှင့် သိုမှီးခြင်း၊ ပုံစံမျိုးစုံတွင်ပါဝင်သော စွမ်းအင်ထိရောက်မှုနည်းပညာအသစ်များ ရှာဖွေခြင်း၊ အစားထိုးပစ္စည်းအသစ်များသုံးစွဲခြင်း၊ စက်လည်ပတ်မှုဆိုင်ရာ နည်းပညာအသစ်များရှာဖွေခြင်း၊ အသစ်ပြန်ဖြစ်နိုင်သော စွမ်းအင်အသုံးပြုမှုများနှင့် ပြန်လည်ဖြည့်စွမ်းနိုင်ပြီး ရေရှည်ဖွံ့ဖြိုးသော သယံဇာတများအပေါ် ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းတို့သည် ကုန်ထုတ်စွမ်းအား တိုးတက်မှု၊ ကုန်ပစ္စည်းမျိုးစုံ ပိုမိုထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာအထောက်အကူဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပါသည်။

**နိုင်ငံတော်သာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

နိုင်ငံတော်သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံလွှတ်တော်ကလည်း **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ"** ကို ၃၀-၃-၂၀၁၂ ရက်နေ့တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပတ်ဝန်းကျင်အရည်အသွေးများကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ လူသားတို့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့အပါအဝင် တိရစ္ဆာန်၊ အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်အလက်များနှင့် သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒ၊ အလှအပဆိုင်ရာများပါဝင်သော သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေရေးအတွက်နှင့် လူတို့ဖန်တီးပြုလုပ်ထားသောပစ္စည်းများပါဝင်သည့် သဘာဝ၏ ဟန်ချက်ညီမှုတို့သည် ပတ်ဝန်းကျင်အရည်အသွေးများဖြစ်ပါသည်။

အဆိုပါပတ်ဝန်းကျင်အရည်အသွေးများ တည်တံ့ရေးအတွက် စက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ ထိန်းချုပ်ရေး၊ စွန့်ပစ်ပစ္စည်းများလျှော့ချရေး၊ စွန့်ပစ်ပစ္စည်းများ ဖယ်ရှားရေးတို့ကို တစ်ပြေးညီ ကျင့်သုံးဆောင်ရွက်သွားရပါမည်။ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) အရ သန့်ရှင်းသော ထုတ်လုပ်မှုအစီအစဉ်ဖြစ်စေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ကြရန်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ညစ်ညမ်းမှုတားဆီးရေးဆိုင်ရာ ရေထုလေထုထိန်းချုပ်ရေးလုပ်ငန်း**

စက်မှုဝန်ကြီးဌာနကလည်း စက်ရုံအလုပ်ရုံများ ရေထုနှင့် လေထုအတွင်း ကျရောက်နိုင်သည့်စွန့်ပစ်ပစ္စည်းများဖယ်ရှားခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ညစ်ညမ်းမှုတားဆီးရေးတို့အတွက် ရေထုလေထုထိန်းချုပ်ရေးလုပ်ငန်းများကို တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါသည်။ ထို့အတွက် စက်ရုံအလုပ်ရုံများမှ လိုအပ်သော အချက်အလက်များဖြစ်သည့် စက်မှုလုပ်ငန်းအမျိုးအစား၊ စက်ရုံအမည်၊ တည်နေရာအနေအထား၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်မှုပမာဏ၊ ထုတ်လုပ်မှုနည်းစဉ်၊ ထုတ်လုပ်မှုနည်းစဉ်တစ်ခုစီမှ စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့်ပမာဏ၊ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း(အရည်၊ အငွေ့)ပမာဏ၊ စွန့်ပစ်ပစ္စည်းများစွန့်ပစ်သည့်နေရာနှင့် နည်းလမ်း၊ မည်သည့်စွန့်ပစ်ပစ္စည်းမဆို စွန့်ပစ်ခြင်းမပြုမီ ပြုပြင်မှုပြုလုပ်ခြင်း၊ အသုံးပြုမည့် လောင်စာအမျိုးအစားနှင့်ပမာဏနှင့် လွယ်ကူရှင်းလင်းပြီး တိကျသေချာသည့်ပုံစံတို့ကို ပြုစုထားရှိရန်လိုအပ်ပါသည်။

**ဓာတုပစ္စည်းများ စနစ်တကျစီမံခန့်ခွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

အစစအရာရာ တိုးတက်ထွန်းကားနေသည့် ယနေ့ခေတ်တွင် ကုန်ထုတ်လုပ်ငန်းများ၌ ကုန်ကြမ်းအဖြစ်အသုံးပြုနေကြသော ဓာတုပစ္စည်းအရေအတွက်မှာ အများဆုံးဖြစ်နေပြီး စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်သော လူသုံးကုန်ဓာတုပစ္စည်းများမှာ အနည်းငယ်သာရှိပါသည်။ ကမ္ဘာတစ်ဝန်းတွင် ဓာတုပစ္စည်းအမျိုးအစားများမှာ နှစ်စဉ်တိုးပွားလျက်ရှိရာ ယခုအခါ ဓာတုပစ္စည်းအမျိုးအစားပေါင်းများစွာရှိနေပြီး ၎င်းနှင့်ဆက်နွှယ်နေသော ဘေးအန္တရာယ်များမှာလည်း များသည်ထက်များပြားလာနေပါသည်။

ကမ္ဘာတစ်ဝန်းရှိ ကုန်ထုတ်လုပ်ငန်းခွင်များတွင် ဓာတုပစ္စည်းများကြောင့် သေဆုံးရမှုများ သုံးသိန်းနီးပါးခန့်ရှိနေပါသည်။ သို့သော် စားသုံးသူများအနေဖြင့် ဓာတုပစ္စည်းများ၏ ကောင်းကျိုး၊ ဆိုးကျိုးကို အလွယ်တကူသိရှိနိုင်ရန်ခက်ခဲပြီး ကာကွယ်တားဆီးနိုင်ရန်အတွက် ကုန်ကျမှုစရိတ်မှာလည်း အလွန်များပြားလှပါသည်။ ထို့ကြောင့် ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်ရေး၊ သိမ်းဆည်းသိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လွဲမှားစွာအသုံးမပြုရေးတို့အတွက် လူတိုင်းတွင်တာဝန်ကိုယ်စီရှိကြောင်း သိရှိပြီး ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ **စာမျက်နှာ ၁၁ သို့** ■

■ စာမျက်နှာ ၁၀ မှ

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသာယာဝပြောရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကပါဝင်ဆောင်ရွက်နေသည့် စက်မှုဝန်ကြီးဌာနအနေဖြင့် **"ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေများ"** ထုတ်ပြန်ခဲ့ပြီး လိုအပ်သည့် ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့ကိုဖွဲ့စည်း၍ ကန့်သတ်ဓာတုပစ္စည်းအမျိုးအစားပေါင်း ၈၀၊ တားမြစ်ဓာတုပစ္စည်း ၁၃၈ မျိုးနှင့် လိုအပ်သလို အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်၍ ထိန်းချုပ်ကွပ်ကဲခဲ့ပါသည်။

ထို့ပြင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းအတွက် ထောက်ခံချက်များ ထုတ်ပေးခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် သက်ရှိများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကာကွယ်နိုင်ရန်အတွက် **"ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းဆိုင်ရာအမိန့်"** အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ စွန့်ပစ်ခြင်းလုပ်ငန်းလိုင်စင်နှင့် စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်တို့ ထုတ်ပေးခြင်းဖြင့် စိစစ်ထိန်းချုပ်ကွပ်ကဲလျက်ရှိပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်သာယာစေရေးတွင် အဓိကကျသည့်စက်မှုလုပ်ငန်းများသည် ကောင်းကျိုးနှင့်ဆိုးကျိုးပေးနေသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို မဖြစ်မနေထည့်သွင်း အသုံးပြုနေရပြီး ယင်းတို့မှထွက်လာသည့် စွန့်ပစ်ပစ္စည်းများသည် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်ကို အနည်းနှင့်အများ ထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းသုံးစွဲသူများအနေဖြင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကို ဤလုပ်ထုံးလုပ်နည်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီက ပြဋ္ဌာန်းထားသော ရေပေးရေးနှင့် အညစ်အကြေးသန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးရေညစ်များကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တူးမြောင်း၊ ရေတွင်းနှင့် ရေကန်များသို့ တိုက်ရိုက်စွန့်ပစ်မှုမပြုစေခြင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမရှိစေရေးနှင့် အိုဇုန်းလွှာပျက်စီးခြင်းမှ ကာကွယ်ရန် နည်းလမ်းများကိုဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်သည့်ပမာဏအား လျှော့ချခြင်း၊ ထပ်မံအသုံးပြုခြင်းနှင့် စွမ်းအင်အဖြစ်ပြန်လည်အသုံးပြုခြင်းတို့ကို ဆောင်ရွက်စေခြင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း အန္တရာယ်ကင်းရှင်းရေးအတွက် စွန့်ပစ်ပစ္စည်းသန့်စင်သည့်စနစ်များကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ လိုအပ်ပါက အထူးစစ်ဆေးခြင်းတို့ကိုခံယူခြင်းနှင့် မှတ်တမ်းထိန်းသိမ်းထားရှိစေခြင်း၊ လုပ်ငန်းရှင်သည် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာခြင်းမရှိသည့်အတွက် အန္တရာယ်ဖြစ်ပွားပါက ယင်းဖြစ်ပွားမှုများကို တာဝန်ယူစေခြင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ လုပ်ငန်းလုပ်ကိုင်သူများသည် မီးလောင်ပေါက်ကွဲခြင်း၊ ပတ်ဝန်းကျင်သို့ မလိုလားသည့်အနေအထားဖြင့် ပျံ့နှံ့ခြင်းမဖြစ်ပေါ်စေရန်နှင့် ဖြစ်ပေါ်လာပါက အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သလို ညွှန်ကြား၍ကြီးကြပ်ဆောင်ရွက်ရပါမည်။

လုပ်ငန်းခွင်တွင် မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန်နှင့် လျော့ပါးစေရန်အတွက် အလုပ်လုပ်ကိုင်နေသူများ အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိုကာကွယ်ရေးတို့အတွက် ထိရောက်သော ထိန်းချုပ်မှုပြု၍ လူဦးရေအနည်းဆုံးဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်ရန်နှင့် မဖြစ်မနေ ထိတွေ့ဆောင်ရွက်ရန်လိုအပ်သည့်အချိန်နှင့် ထိတွေ့ရမည့်အန္တရာယ်ရှိ ပစ္စည်းများ၏ အနည်းဆုံးပမာဏဖြစ်စေရန် ကန့်သတ်ဆောင်ရွက်စေခြင်း စသည်ဖြင့် လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။

ထို့ပြင် ဤဥပဒေအရ ညစ်ညမ်းသည့်စွန့်ပစ်ရေများကို စနစ်တကျစွန့်ထုတ်နိုင်ရန်အတွက် "အရက်၊ ဘီယာနှင့် ဝိုင်ထုတ်လုပ်သည့်စက်ရုံများ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်"၊ "အမိုးနီးယားဓာတ်ငွေ့အသုံးပြုသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန်"၊ "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင်အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုက်နှင့် ပြဒါးဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာမူဝါဒ"၊ "ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုက်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့်အချက်များ" ကို ထုတ်ပြန်သတိပေးနိုင်ခဲ့ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပြုလုပ်ထားသည့် စက်ရုံအလုပ်ရုံများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေဆိုး၊ အမှုန်အမွှားနှင့် မြေဆီလွှာပျက်စီးမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည့် နည်းပညာအကူအညီနှင့် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပေးလျက်ရှိပြီး အရက်ချက်နှင့် ဘီယာစက်ရုံကြီးများ၌ စွန့်ပစ်ရေအရည်အသွေးကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာစောင့်ကြပ်ကြည့်ရှုသည့်စနစ်တပ်ဆင်စေ၍ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ထောက်ခံချက်၊ လိုင်စင်နှင့် မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်အစီအစဉ်များကိုလည်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် အသိပညာပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုရေး**

စက်မှုဝန်ကြီးဌာနက **သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် စွမ်းအင်ခြိုးခြံ သုံးစွဲနိုင်ရေးအတွက်** စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ် (National Energy Efficiency and Conservation Policy, Strategy and Roadmap) ကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အဆိုပါမူဝါဒတွင် ၂၀၁၂ ခုနှစ်၏ စွမ်းအင်သုံးစွဲမှုကို

> **စွန့်ပစ်ရေဆိုးများကြောင့် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် အဆက်မပြတ် သုတေသနပြုလုပ်၍ ညစ်ညမ်းမှုမှကာကွယ်ရေးအတွက် လိုအပ်မည့်အစီအစဉ်များလုပ်ဆောင်ခြင်းဖြင့် မြစ်ချောင်းများ အနီးတစ်ဝိုက်တွင်တည်ရှိသော စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်ရေဆိုးများကြောင့် ထိုရေကို အသုံးပြုနေသူများ၊ မြစ်ချောင်းအတွင်းရှိ ရေနေသတ္တဝါများ၊ အပင်များ စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်နိုင်မည်**

အခြေခံ၍ ၂၀၃၀ ပြည့်နှစ်တွင် စွမ်းအင်သုံးစွဲမှု ၂၀ ရာခိုင်နှုန်း လျှော့ချရန်ဟူသော ရည်မှန်းချက်များကိုချမှတ်ခဲ့ပြီး စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပြီး မကြာမီထုတ်ပြန်သွားရန်ရှိပါသည်။

စွမ်းအင်ကိုအကျိုးရှိထိရောက်စွာသုံးစွဲခြင်းဖြင့် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံ၏ စက်ရုံ အလုပ်ရုံများတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များ သက်သာနိုင်စေရန်၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန်နှင့် စွမ်းအင်သုံးစွဲရာမှထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$) ကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုကိုလျှော့ချနိုင်စေရန်၊ အဆောက်အအုံကဏ္ဍ၌ ဟိုတယ်များ၊ Super Market နှင့် Shopping Mall များ၊ ဆေးရုံများ စသည့် စီးပွားရေးအဆောက်အအုံများ (Commercial Building) တွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်စေရေးနှင့် ကုန်ကျစရိတ်သက်သာစေရန်ရည်ရွယ်၍ စက်မှုဆိုင်ရာနှင့် အဆောက်အအုံဆိုင်ရာကဏ္ဍကြီးနှစ်ရပ်တွင် စွမ်းအင်သုံးစွဲမှုစစ်ဆေးပေးခြင်း/ Energy Audit ပြုလုပ်ခြင်း၊ စွမ်းအင်သုံးစွဲမှုများသောစက်ရုံများ၊ စီးပွားရေး အဆောက်အအုံများအတွက် Energy Manager များ ခန့်ထားနိုင်ရန် မွေးထုတ်ပေးခြင်း၊ Energy Efficiency and Conservation Technology များ လက်ဆင့်ကမ်းပို့ချပေးခြင်း၊ စွမ်းအင်သုံးစွဲမှုများသောစက်ရုံများ၊ စီးပွားရေးအဆောက်အအုံများအား ဥပဒေမူဘောင်များဖြင့်ထိန်းကျောင်းနိုင်ရေးနှင့် တစ်ဖက်မှ နိုင်ငံတော်၏အားပေးထောက်ပံ့မှုများ ရရှိနိုင်ရေးဆောင်ရွက်ပေးသွားရန်၊ လက်တွေ့အသုံးချနိုင်မည့် စွမ်းအင်သုံးစွဲမှုဆိုင်ရာလမ်းညွှန်ချက်များ ထုတ်ပြန်သွားရန်၊ Energy Service Companies (ESCOs) များပေါ်ပေါက်လာရေး လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် Energy Efficiency လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် Initial Investment များ ရရှိနိုင်ရန် ဘဏ်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Loan Program များ ထောက်ပံ့နိုင်ရေးအတွက် လိုအပ်သော Financing Mechanism များ သတ်မှတ်ရေးဆွဲရန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**မရှိမဖြစ် ရေနှင့် ရေထုညစ်ညမ်းမှုထိန်းချုပ်ရေး**

သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် မရှိမဖြစ်လိုအပ်သောအရာသည် ရေပင်ဖြစ်ပြီး နေ့စဉ်အသုံးပြုရန်၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ဆက်သွယ်သွားလာရေးနှင့် စက်မှုလုပ်ငန်းများတွင် နည်းအမျိုးမျိုးဖြင့် အသုံးပြုကြရပါသည်။ နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အရေးကြီးလိုအပ်ချက်ဖြစ်သောကြောင့် စက်မှုလုပ်ငန်းများအတွက် ကုန်ပစ္စည်းထုတ်လုပ်ရာတွင်အသုံးပြုရန် စက်မှုလုပ်ငန်းသုံးရေကို သဘာဝသယံဇာတအရင်းအမြစ်တစ်ခုဖြစ်သော မြစ်ချောင်း၊ အင်းအိုင်များနှင့် မြေအောက်ရေတို့မှ မဖြစ်မနေ ထုတ်ယူသုံးစွဲနေရပါသည်။

ရေအရင်းအမြစ်ကိုထုတ်ယူသုံးစွဲသည့် ကုန်ပစ္စည်းထုတ်လုပ်ရန်အတွက် လိုအပ်သောရေပမာဏကိုသာထုတ်ယူ၍ အကျိုးရှိရှိသုံးစွဲပြီး စနစ်တကျ ပြန်လည်စွန့်ထုတ်ရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အဓိကကျသော မြစ်၊ ချောင်း၊ အင်း၊ အိုင်များသည် အထက်ပါလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ ရေကြောင်းပြုပြင်ထိန်းသိမ်းရေးမှာလည်း အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

သဘာဝရေထဲတွင်ပျော်ဝင်နေသော အောက်ဆီဂျင်ကိုထိခိုက်လျော့နည်းစေမည့် ဓာတုပျော်ဝင်ပစ္စည်းများနှင့် မပျော်ဝင်ပစ္စည်းများကို မစွန့်ထုတ်စေရန် အလွန်အရေးကြီးပါ သည်။ ရေထုညစ်ညမ်းမှုသည် သဘာဝတရားကြောင့်အဖြစ်နည်းပြီး လူ့ပယောဂကြောင့်သာ ညစ်ညမ်းမှုများပြားကြောင်း တွေ့ရှိရပါသည်။ ရေထဲတွင်ရေမဟုတ်သော အခြားအရာများသည် အတိုင်းအတာတစ်ခုထက် ပိုမိုပါဝင်လာပြီး သောက်သုံးရန်နှင့် စွန့်ပစ်ရန်သင့်တော်မှုမရှိလျှင် ရေထုညစ်ညမ်းခြင်း ဖြစ်စေပါသည်။ ရေထဲတွင်ပျော်ဝင်သည့် စွန့်ထုတ်ဓာတုပစ္စည်းများကြောင့် စွန့်ပစ်ရေတွင် အက်စစ်ဓာတ်နှင့် အယ်လ်ကာလီဓာတ် လွန်ကဲခြင်းကို ဖြစ်စေပါသည်။

ထို့ပြင် ရေ၏အပူချိန်သည် ပါဝင်ခွင့်ပြုနိုင်သော အပူချိန်ထက် မြင့်မားနေခြင်းနှင့် အဆိပ်အတောက်ဖြစ်စေမည့် ဆိုင်ယာနိုက် (CN)၊ အာဆင်းနစ် (As)၊ ပြဒါး (Hg)၊ ကဒ်မီယမ် (Cd)၊ ခဲ (Pb)၊ ခရိုမီယမ် (Cr) စသည့် ဓာတုပစ္စည်းများကို ရေထဲသို့တိုက်ရိုက်မစွန့်ထုတ်ရန် အလွန်အရေးကြီးပါသည်။ ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေမည့် ဤအဆိပ်အတောက်များ ပါဝင်မှုမရှိစေရေးနှင့် ပါဝင်မှုကို အန္တရာယ်ကင်းစွာ စွန့်ထုတ်နိုင်သော နည်းစဉ်သစ်များနှင့် စက်များကိုရွေးချယ်ရန် လိုအပ်ပါသည်။

သင့်လျော်သော စွန့်ပစ်ရေသန့်စင်မှုနည်းစနစ်များကို အသုံးပြုပြီး စွန့်ပစ်ကွန်ကရစ်ကန်များမှထုတ်လွှတ်ခြင်း၊ မြေသားကန်များတွင် စိမ့်ဝင်စေခြင်း၊ အငွေ့ပြန်ခန်းခြောက်စေခြင်း၊ ဓာတ်တိုးရေမြောင်းများဖြင့် အဆင့်ဆင့်စစ်ထုတ်ကိရိယာနည်းစဉ်များအသုံးပြု စွန့်ထုတ်နည်းများဖြင့် မြန်မာ့စက်မှုလုပ်ငန်းများမှ သတ်မှတ်ထားသည့် စွန့်ပစ်ရည်အရည်အသွေး သတ်မှတ်စံချိန်စံညွှန်းအတိုင်းရအောင် သန့်စင်ပြီးနောက် ဇီဝကန်များဖြင့် အဆင့်ဆင့်စစ်ထုတ်ပြီးမှသာ နီးစပ်ရာ ကန်၊ ချောင်း၊ အင်းအိုင်များသို့ စွန့်ထုတ်ရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ စနစ်တကျနှင့် လိုအပ်သောပမာဏခန့်သာထုတ်ယူပြီး အကျိုးရှိရှိသုံးစွဲရန်နှင့် ပြန်လည်စွန့်ထုတ်သည့်အခါ၌လည်း စနစ်တကျဖြစ်စေရန် စက်ရုံစတင်တည်ဆောက်စဉ်ကပင် တိုင်းတာတွက်ချက်ထားရန်လိုအပ်ပါသည်။ စက်ရုံစီမံကိန်းအသစ်များ အကောင်အထည်ဖော်သည့်အခါ ရေနှင့်လေထုကိုညစ်ညမ်းခြင်းမရှိသော သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းစဉ်များဖြစ်စေရန် အလေးဂရုပြုဆောင်ရွက်သင့်ပါသည်။

စွန့်ပစ်ရေဆိုးများကြောင့် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် အဆက်မပြတ် သုတေသနပြုလုပ်၍ ညစ်ညမ်းမှုမှကာကွယ်ရေးအတွက် လိုအပ်မည့်အစီအစဉ်များ လုပ်ဆောင်ခြင်းဖြင့် မြစ်ချောင်းများ အနီးတစ်ဝိုက်တွင်တည်ရှိသော စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်ရေဆိုးများကြောင့် ထိုရေကို အသုံးပြုနေသူများ၊ မြစ်ချောင်းအတွင်းရှိ ရေနေသတ္တဝါများ၊ အပင်များ စသည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ စက်မှုလုပ်ငန်းများအနေဖြင့်လည်း စက်ရုံများမှ စွန့်ထုတ်ပစ္စည်းများဖြစ်သော အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်စေရန် အထူးသတိပြု စောင့်ရှောက်သင့်ပါသည်။

ထို့ပြင် စွန့်ပစ်ရေဆိုးများ (Wastewater)ကိုလည်း သတ်မှတ်စံနှုန်းများရအောင် သေချာစွာသန့်စင်ပြုပြင်ပြီးမှသာ စွန့်ပစ်စေခြင်းဖြင့် မြေအောက်ရေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်များ မပျက်စီးစေရန်ကာကွယ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးဖြစ်ကြောင်းနှင့် သာယာလှပသောနိုင်ငံတော်ကိုရရှိစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ဖြည့်ဆည်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာ ၂၈ ရွာမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ သမဝါယမအသင်းသားများ၊ ပညာရေးဌာနမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ကျေးရွာများရှိအခြေခံပညာအလယ်တန်းအဆင့် Grade-9 အောင်မြင်ပြီးသူများအနေဖြင့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများတွင် အခမဲ့တက်ရောက်နိုင်ကြောင်း၊ သင်တန်းတက်ရောက်ပြီးထူးချွန်သူများသည် သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူး တက်ရောက်နိုင်ကြောင်း၊ အိုးမကွာ၊ အိမ်မကွာဖြင့် မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်လိုသော အမျိုးသမီးများနှင့် ပညာရေးဆုံးခန်းတိုင်သင်ကြားနိုင်မှုမရှိခဲ့သည့် လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်စေပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် ကျေးရွာအရောက်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ လုပ်ငန်းလုပ်ကိုင်လိုသူများကိုရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများ၊ အရင်းအနှီးမတည်ငွေများ ထူထောင်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့နောက် ငပုတောမြို့နယ် ကျုံကူး-ရေကျော်-ရေတွင်းကုန်းကျေးရွာချင်းဆက် ကွန်ကရစ်တံတားတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ရေကျော်အောက်ကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ရေကျော်အောက်မွေးမြူရေးနှင့်အထွေထွေသမဝါယမအသင်းလီမိတက် အသင်းသားများအတွက် ထောက်ပံ့ငွေများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေများ ပေးအပ်သည်။

ယင်းနောက် ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသီဆံတော်ရှင်မြတ် မော်တင်စွန်းစေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုပြီး အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)၊ အမှတ်(၃) ရပ်ကွက်တို့ကိုဆက်သွယ်ထားသည့် ကတ္တရာလမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးများ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) မျက်နှာစုံညီ အစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ (International Cooperation Review Group – ICRG) အစည်းအဝေးများကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးများတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအမံ (Action Plan)ပါ အချက်များကို ပြည်တွင်း လူ့စွမ်းအားအရင်းအမြစ်များဖြင့် ဆောင်ရွက်ခဲ့ရာ ကြီးမားစွာ လိုက်နာဆောင်ရွက်ခြင်း အဆင့်သတ်မှတ်ချက်(၁၀)ချက်ထိ တိုးမြှင့်ရရှိလာခဲ့ကြောင်း၊ ဆောင်ရွက်ရန် ကျန်ရှိသည့် ငါးချက်ကို အချိန်ကာလသတ်မှတ်၍ ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေပိုင်းဆိုင်ရာ မူဘောင်များ ပိုမိုခိုင်မာမှုရှိစေရန် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) ၏ အကြံပြုချက်များနှင့်အညီ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေနှင့် ယုံကြည်အပ်နှံမှုအက်ဥပဒေများကို ပြင်ဆင်ထုတ်ပြန်ခဲ့ကြောင်း၊ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကို အသစ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဥပဒေ ပြဋ္ဌာန်းပြီးပါက ကျန်ရှိသည့် Action Plan ငါးချက်သည် တိုးတက်မှုရှိလာမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်အတွင်း အပြည့်အဝအကောင်အထည်ဖော်လိုက်နာဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကြုံတွေ့လာနိုင်သည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာအကူအညီများ ရယူနိုင်ရေး ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံကို အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG)က အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းကို ၂၀၂၉-၂၀၃၀တွင် ဆောင်ရွက်မည် ဖြစ်သဖြင့် လိုအပ်သည်များကိုကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိခြင်းကြောင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးစေလိုကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ စိတ်အားထက်သန်မှု (Political Will)နှင့် နိုင်ငံရေးအရ အဆင့်မြင့် အရာရှိကြီးများ၏ သန္နိဋ္ဌာန်ချမှတ်ထားမှု (High-level Political Commitment) တို့အပါအဝင် တိုးတက်ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးခဲ့သည်။




ICRG အစည်းအဝေးတွင် အာရှပစိဖိတ်ပူးတွဲအဖွဲ့(Asia Pacific Joint Group – APJG) တွဲဖက်သဘာပတိက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ (၁၆) ကြိမ်မြောက် တင်ပြသည့်တိုးတက်မှုအစီရင်ခံစာတွင် လက်ငင်းရလဒ် (၈.၁) ဖြစ်သည့် "ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိမှုများနှင့်အညီ ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များနှင့် တန်ဖိုးတူညီသည့် အခြားသော ပစ္စည်းများကို သိမ်းဆည်းခြင်း/ထိန်းချုပ်ခြင်းနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်" ဆိုသည့်အချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အဆင့်မှ တစ်စိတ်တစ်ပိုင်း လိုက်နာ ဆောင်ရွက်ခြင်းအဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ဆွေးနွေးပြီး မြန်မာနိုင်ငံအနေဖြင့် APJG ၏ မျက်နှာချင်းဆိုင် အစည်းအဝေးများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering- APG)မှ အမှုဆောင်အတွင်းရေးမှူးက မြန်မာနိုင်ငံအနေဖြင့် FATF နှင့် APG အပါအဝင် အခြားနိုင်ငံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုမှုအပြည့်အဝ ရှိကြောင်းနှင့် အားနည်းချက်များကို ပြုပြင်ရန် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများကိုယ်တိုင် စိတ်အားထက်သန်မှုရှိသည်ကို ပြသခဲ့ကြောင်း၊ နည်းပညာအကူအညီပံ့ပိုးမှုများကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးပြီး အစည်းအဝေးသို့တက်ရောက်လာသည့် အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် တိုးတက်ဆောင်ရွက်မှုနှင့်ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုသင့်ပါကြောင်းနှင့် ကျန်ရှိသည့် Action Plan များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် အချိန်ထပ်မံပေးသင့်ကြောင်း ထောက်ခံဆွေးနွေးကြသည်။

ICRG အစည်းအဝေးတွင် ဆွေးနွေးချက်များအရ မြန်မာနိုင်ငံဆိုင်ရာတင်ပြချက်ကို FATF မျက်နှာစုံညီ အစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့် အချက်များအပေါ် တိုးတက်လိုက်နာ ဆောင်ရွက်မှုများရှိခြင်းကြောင့် Public Statement တွင် တိုးတက်မှုများ ဆက်လက်နှောင့်နှေးနေသည်ဆိုသည့်စာသားကို**ပယ်ဖျက်၍** မြန်မာနိုင်ငံအား မူလအတိုင်း အလေးထားစိစစ်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံနှင့် ဒေသများစာရင်းတွင်ပင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အမေရိကန်နှင့် ဂျပန် နိုင်ငံခြားရေးဝန်ကြီးတို့ ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ တွေ့ဆုံ

**တိုကျို ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှီမစ်ဆု တို့က ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ တွေ့ဆုံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးတို့က နိုင်ငံတကာ လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် ဂျာမနီနိုင်ငံသို့ ရောက်ရှိနေသည်။

လာမည့်လတွင် ဂျပန်ဝန်ကြီးချုပ် တာကာအိချိ ဆာနာအဲ၏ အမေရိကန်နိုင်ငံသို့ ချစ်ကြည်ရေး သွားရောက်မည့် ခရီးစဉ်နှင့်ပတ်သက်ပြီး နိုင်ငံခြား ရေးဝန်ကြီးတို့က ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံ၏ ခိုင်မာသော မဟာမိတ်ဆက်ဆံရေးကို ပြန်လည် အတည်ပြုရန် အခွင့်အလမ်းဖြစ်ကြောင်းလည်း ဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု တည်ထောင်မှု အထိမ်းအမှတ် နှစ် ၂၅၀ ပြည့် နှစ်ပတ်လည်နေ့နှင့် "လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို-ပစိဖိတ်" အစီ အစဉ်၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် နှစ်နိုင်ငံ မဟာမိတ်သမိုင်း စာမျက်နှာသစ်ဖွင့်ရန် အမေရိကန် နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ထား ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှီမစ်ဆု က ပြောကြားခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လည်း သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံအနေဖြင့် အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းမှုများတွင် သဘောတူညီထားသည့် အစီအမံ များကို အကောင်အထည်ဖော်ကာ အရေးကြီးသော ဓာတ်သတ္တုများနှင့် အခြားပစ္စည်းများ ထောက်ပံ့ မှုရရှိရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ကို အောင်မြင်ရန် မိတ်ဖက်နိုင်ငံများနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတို့က ကတိပြုခဲ့ သည်။

အလားတူ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီတိုရှီမစ်ဆုက ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျိုဟန်ဝါဒီဖူနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးနှစ်ဦးက ခိုင်မာသော ထောက်ပံ့ရေး ကွင်းဆက်များတည်ဆောက်ရန်အရေးကြီးကြောင်းနှင့် တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံ၍ လွတ်လပ်ပွင့် လင်းသော နိုင်ငံတကာအမိန့်ကို ထိန်းသိမ်းခိုင်ခံ့ စေရန် လိုအပ်ကြောင်း ထပ်လောင်းအတည် ပြုခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**





# ဗင်နီဇွဲလားယာယီသမ္မတ ဒယ်လ်ဆေ ရိုဒရီဂွက်ဇ်နှင့် အမေရိကန် စွမ်းအင်ဝန်ကြီး ခရစ်ရိုက်တို့ တွေ့ဆုံ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန် စွမ်းအင်ဝန်ကြီး ခရစ်ရိုက်သည် ဗင်နီဇွဲလားသမ္မတ မာဒူရို ဖယ်ရှားခံရပြီး နောက်ပိုင်း ဗင်နီဇွဲလားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက် လည်ပတ်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အုပ်ချုပ်မှု အောက်တွင် အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အမေ ရိကန် စွမ်းအင်ဝန်ကြီး ခရစ်ရိုက်က ဗင်နီဇွဲလား၏ ယာယီသမ္မတ ဒယ်လ်ဆေ ရိုဒရီဂွက်ဇ်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ဗင်နီဇွဲလား သယံဇာတဖွံ့ဖြိုး တိုးတက်ရေးတွင် တက်ကြွစွာပါဝင်ရန် အမေရိကန် ၏ ရပ်တည်ချက်ကို အမေရိကန်စွမ်းအင်ဝန်ကြီး ခရစ်ရိုက်က အလေးပေးပြောကြားခဲ့သည်။

နှစ်နိုင်ငံပြည်သူများ အတူတကွ ပူးပေါင်း လုပ်ဆောင်ပါက ဗင်နီဇွဲလားနိုင်ငံအတွင်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တွင် သိသိသာသာ တိုးမြှင့်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် မတူကွဲပြားမှုများကို သံခင်း တမန်ခင်းလမ်းကြောင်းမှတစ်ဆင့် အဖြေရှာနိုင်မည် ဟု ယုံကြည်ပါကြောင်း ဗင်နီဇွဲလားယာယီသမ္မတ ရိုဒရီဂွက်ဇ်က ပြောကြားခဲ့သည်။

ဗင်နီဇွဲလားသည် ကမ္ဘာ့အကြီးဆုံး ရေနံသိုက် များထဲမှ တစ်ခုဖြစ်သည်။ သို့သော် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများနှင့် အခြားအချက်များကြောင့် ၎င်း၏ ရေနံထုတ်လုပ်မှု လျော့ကျလျက်ရှိသည်။ ထုတ်လုပ်မှုတိုးချဲ့ရန် ကြီးမားသော ရင်းနှီးမြှုပ်နှံမှု လိုအပ်ကြောင်း ကျွမ်းကျင်သူများက ပြောကြား သည်။

အမေရိကန်သမ္မတ ထရမ့် အစိုးရက ရေနံဖွံ့ဖြိုး တိုးတက်ရေး အခွင့်အလမ်းများကို ကြိုးပမ်းရှာဖွေ လျက်ရှိသည်။ ဗင်နီဇွဲလား ရေနံဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရန် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူ များက သုံးသပ်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အာတိတ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာဆိုင်ရာ အကြောင်းအရာများ တရုတ်နှင့် ရုရှားသိပ္ပံပညာရှင်များ ပူးပေါင်းလေ့လာ

**မော်စကို ဖေဖော်ဝါရီ ၁၅**

တရုတ်နှင့်ရုရှားမှသိပ္ပံပညာရှင်များသည် အာတိတ် ဒေသ၏ ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာဆိုင်ရာ အကြောင်းအရာများကို ပူးပေါင်းလေ့လာနေကြပြီး အနာဂတ်ကာလတွင်လည်း ၎င်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ် ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ ဆိုက်ဘေးရီးယား ဒေသဆိုင်ရာ ရာကတ် သိပ္ပံစင်တာ၊ သိပ္ပံနှင့် နိုင်ငံတကာ စီမံကိန်းများဆိုင်ရာ ဌာနခေတ္တ ဒုတိယညွှန်ကြား ရေးမှူးချုပ် ထရိုဖန်မက်ဆီမော့ဗ်က ပြောကြားသည်။

အာတိတ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာဆိုင်ရာအကြောင်းအရာများကို မိမိတို့ နှစ်နိုင်ငံရှိ သုတေသနဆိုင်ရာ အဖွဲ့အစည်းများကြား ပြီးခဲ့သည့် နှစ်များအတွင်းမှစတင်၍ ပူးပေါင်း ဆောင်ရွက်မှုများရှိခဲ့ကြောင်း ၎င်းက ပြောကြား သည်။ တရုတ်နိုင်ငံ၏ သိပ္ပံပညာနယ်ပယ်သည် ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း သိသာထင်ရှား သည့် အောင်မြင်မှုများရရှိခဲ့ပြီး သုတေသနဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍတွင်လည်း တိုးတက် အောင်မြင်မှုများရရှိခဲ့ကြောင်း ၎င်းကပြောကြား သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်းအား အကန့်အသတ်ဖြင့် ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် လူနာထောင်ပေါင်းများစွာအတွက် အသက်ဘေးအန္တရာယ်ရှိလာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၅**

ဂါဇာဒေသရှိရာဖာနယ်စပ်ဖြတ်ကျော်ရေးစခန်း အား အကန့်အသတ်ဖြင့် ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် ဆေးကုသမှုခံယူရမည့် ဒေသခံလူနာထောင်ပေါင်း များစွာအတွက် အသက်ဘေးအန္တရာယ် ဖြစ်လာနိုင် သည့် အခြေအနေနှင့်ကြုံတွေ့နေရကြောင်း ကျန်းမာ ရေးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက်တွင် ၎င်းစခန်းပြန်လည် ဖွင့်လှစ်ရာ၌ ခရီးသွားအနည်းငယ်ကိုသာသွားလာ ခွင့်ပြုခဲ့သောကြောင့် ဒေသတွင်းရှိ ထိခိုက်ဒဏ်ရာ ရရှိသူများနှင့် နာမကျန်းသူများအတွက် ဆေးကုသ နိုင်ရန် အခွင့်အရေးနည်းပါးခဲ့ကြောင်း တာဝန်ရှိသူ များက ပြောကြားသည်။ လက်ရှိအချိန်တွင် ဂါဇာဒေသ၌ ပြည်ပနိုင်ငံများတွင် ကုသမှုခံယူရန် လိုအပ်သည့် ကင်ဆာ၊ နှလုံးရောဂါ၊ ကျောက်ကပ် ရောဂါနှင့် ထိခိုက်ဒဏ်ရာရရှိသူ လူနာ ၂၀၀၀၀ ကျော်ရှိပြီး ဆေးကုသမှုခံယူရန် အခွင့်အရေးနည်းပါး ခြင်းဖြင့် ၎င်းလူနာများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများမြင့်တက်လာကြောင်း သိရသည်။ ၎င်းနယ်စပ်ဖြတ်ကျော်ရေးစခန်းအား ခြွင်းချက်မရှိ ဖွင့်လှစ်ရေးနှင့် ခရီးသွားများပုံမှန်ပြန်လည်သွားလာ နိုင်ရေးအတွက်ဆောင်ရွက်ပေးရန် ကျန်းမာရေး တာဝန်ရှိသူများက ဒေသန္တရတာဝန်ရှိသူများထံ ပန်ကြားခဲ့သည်။ အကန့်အသတ်များဆက်လက် ထားရှိခြင်းဖြင့် လူနာများ၏ အသက်ကို ဆုံးရှုံးမှု များပြားစေမည်ဟု ကျန်းမာရေးတာဝန်ရှိသူများက သတိပေးပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# တရုတ်နိုင်ငံ၏ ဗီဇာကင်းလွတ်ခွင့်မူဝါဒကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်သက်တမ်းတိုးမည်

**ပေကျင်း ဖေဖော်ဝါရီ ၁၅**

တရုတ်နိုင်ငံက နယ်စပ်ဖြတ်ကျော်ခရီးသွားလာမှု ပိုမိုအဆင်ပြေ ချောမွေ့စေရန်ရည်ရွယ်ပြီး ၎င်း၏ ဗီဇာကင်းလွတ်ခွင့်မူဝါဒကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစတင်ကာ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့မှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား သက်တမ်းတိုးလက်ခံ မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ ပြောကြားခဲ့သည်။

နှစ်နိုင်ငံမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများသည် တရုတ်နိုင်ငံသို့ ဝင်ရောက်ရန် ဗီဇာကင်းလွတ်ခွင့်နှင့် စီးပွားရေးဆိုင်ရာ ခရီးသွားလာမှု၊ မိသားစုနှင့် မိတ်ဆွေများထံ သွားရောက်လည်ပတ်မှု တို့အတွက် ရက်ပေါင်း ၃၀ အထိ နေထိုင်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အဆိုပါမူဝါဒသည် ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အကျိုး သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

❖ကျောဖုံးမှ

အနိုင်ကျင့် နှိပ်စက်ကာ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် ဒေသအတွင်း ဆက်သွယ်ရေး လမ်းကြောင်းများအားဖြတ်တောက်ပိတ်ဆို့ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုး၊ ပိတ်ဆို့ထားသည့် မြို့ရွာများနှင့် ဆက်သွယ်ရေး လမ်းကြောင်းများအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်နိုင်ရေး “ရန်နိုင်မင်း” စစ်ဆင်ရေးအမည်ဖြင့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒီးမော့ဆိုမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဒီးမော့ဆိုမြို့မှ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဖားဆောင်းမြို့အား ယာယီစိုးမိုးလျက် ဖားဆောင်းမြို့နယ်အတွင်း အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါဒေသတစ်ခုလုံးအား အလုံးစုံ ထိန်းချုပ်နိုင်ရေးအတွက် အဆုံးအဖြတ်တိုက်ပွဲအဖြစ် နယ်မြေခံ တပ်ရင်း ဌာနချုပ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နှင့် ၃၀ ရက်တွင်လည်းကောင်း၊ ဇူလိုင်လ ၅ရက်နှင့် ၇ ရက်တွင် လည်းကောင်း၊ စုစုပေါင်း တိုက်ပွဲကြီးလေးကြိမ်ဖြင့် အင်အားအလုံးအရင်းဖြင့် ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သော်လည်း အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအနေဖြင့် မိမိတပ် ရန်သူ့လက်သို့ ကျရောက်မှုမရှိစေရေးအတွက် လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် ရှုပ်ရှုပ်ချွံချွံ ပြန်လည် ခုခံတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် အဆိုပါတပ်ရင်းဌာနချုပ်အား တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရပြီး ဖားဆောင်းမြို့ကိုသာ အဝေးမှ လက်နက်ကြီးဖြင့် ပစ်ခတ်၍ ယာယီစိုးမိုးထားခဲ့ပြီး အဓိက အမာခံအဖွဲ့များက တပ်မတော် စစ်ကူစစ်ကြောင်း အဓိကလာမည့်




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်ထိန်းချုပ်စဉ်။

နေရာများ၌ အဆင့်ဆင့်ပိတ်ဆို့ခြင်းဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် တိုက်ပွဲကြီး/ငယ် ရှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၆ လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် **စာမျက်နှာ ၁၇ သို့ ❖**




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု။





အကြမ်းဖက်သောင်းကျန်းသူများ၏ ရုပ်အလောင်းများ မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။

# သဲဖြူနှင့် မဟာမြိုင်တောရဆရာတော်ကြီးထံမှ ပရိတ်တရားတော်နာယူပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်နာယူကြည်ညို



**ပုသိမ် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာထေရ်မြတ်ထံမှ ပရိတ်တရားတော်နာယူပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဇောတ သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာထေရ်မြတ်ထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဓမ္မပူဇာအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး သဲဖြူနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဇောတ သာသနဓဇဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာထေရ်မြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ပရိတ်တရားတော်နာယူပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်တွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလစာမေးပွဲ ဆက်လက်ဖြေဆို

**တန့်ယန်း ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ရှမ်းပြည်နယ်လုံးဆိုင်ရာ (၃၁) ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲ၏ ဒုတိယနေ့ သုတ္တန်ဘာသာကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီမှ စတင်ကာ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၌ ကျင်းပဖြေဆိုကြသည်။

**ဝင်ရောက်ဖြေဆို**

အဆိုပါ စာမေးပွဲအား ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲကြီးကြပ်ရေး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောလိယ၊ ကံဝိန်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသာမိနှင့် ဆရာတော်ကြီးများ ဦးဆောင်၍ ကျင်းပရာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ အခြေခံမူလတန်း၌ ၂၁၈ ပါး၊ ပထမတန်း(ပ)နှစ်၌ ၂၇၅ ပါး၊ ပထမတန်း (ဒု)နှစ်၌ ၁၇၈ ပါး၊ ပထမတန်း (တ)နှစ်၌ ၁၀၇ ပါး၊ ဒုတိယတန်း(ပ)နှစ်၌ အပါး ၇၀၊ ဒုတိယတန်း (ဒု)နှစ်၌ ၅၅ ပါး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**





# မုဒုံမြို့တွင် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၅ ခုနှစ် (၁၅)ကြိမ်မြောက် အစိုးရဓမ္မာစရိယနှင့် (၆၈)ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာအရှင်သူမြတ်တို့အား အောင်လက်မှတ်၊ စာအောင်ဆု ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကုက္ကိဋ္ဌာသယသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဂျုံးဂျုံးဂျတောရကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏထံမှ ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ကန်ကြီးစေတီတော် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဓမ္မာစရိယစာအောင် သံဃာတော်၊ သီလရှင်အပါး ၅၀၊ ပါဠိပထမပြန်စာအောင် သံဃာတော်၊ သီလရှင် ၂၅၃ ပါးအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနား ရုပ်သိမ်းခဲ့သည်။ ယင်းနောက် ဆရာတော်ကြီးများ၊ စာအောင်သံဃာများနှင့် ပင့်သံဃာများအား ဧည့်ပရိသတ်အပေါင်းနှင့် မြို့သူမြို့သားများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၅၀ ခန့်အား ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

# သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၌ ဘုရားဖူးဧည့်သည်များအား စတုဒိသာများ ကျွေးမွေးလှူဒါန်း

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ဆံတော်ရှင်မဟာမကုဋ္ဌရုံသီမြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဘုရားဖူးဧည့်သည်များအား သဲဖြူနှင့်မဟာမြိုင်တောရဆရာတော်ကြီး ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ စတုဒိသာများ ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။



**လှူဒါန်း**

သမိုင်းဝင် ဆံတော်ရှင်မဟာမကုဋ္ဌရုံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီးသို့ ဘုရားဖူးရောက်ရှိလာသော ဧည့်ပရိသတ်များအား သဲဖြူနှင့်မဟာမြိုင်တောရဆရာတော်ကြီး ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက်တွင် အယောက် ၅၀၀၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် အယောက် ၅၀၀ နှင့် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနား၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် တောင်အရပ် အာရုဏ်ခံတန်ဆောင်း ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပမည့် ဖေဖော်ဝါရီ ၁၆ ရက်တွင် အယောက် ၃၀၀၀ စာ စတုဒိသာများ ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

# မင်းလှမြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြဆောင်ရွက်

**မင်းလှ ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့မဈေးကြီး၌ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးသူ ဈေးသားများနှင့် မြို့နေပြည်သူများပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးတွင် မီးသတ်ကားများဖြင့် သရုပ်ပြရေဖျန်းမီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုပြသခြင်း၊ ဂက်(စ်) မီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**





## ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**ဇလွန် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူသော မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ယနေ့နံနက်ပိုင်းတွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြစ်သည်နှင့်အညီ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃ ရက်အထိ ရှစ်ရက်တိုင်တိုင် လုပ်ငန်းကော်မတီများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြစ်သည်နှင့်အညီ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများဖြင့် များပြားလျက်ရှိကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)

## ဂေါ်ရန်ဂျီကျွန်းကမ်းခြေသို့ အစိုးရရုံးပိတ်ရက်ကာလအတွင်း လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ငရုတ်ကောင်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီ တိုင်းဒေသကြီး ငရုတ်ကောင်းမြို့ ဂေါ်ရန်ဂျီကျွန်း ကမ်းခြေသို့ အစိုးရရုံးပိတ်ရက် ကာလတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် များစွာ လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြောင်း သိရသည်။

ဂေါ်ရန်ဂျီကျွန်း ကမ်းခြေသည် ရှည်လျား သွယ်တန်းသော ကျောက်ဆောင်၊ ကျောက်တန်းများ၊ ကျောက်လိုဏ်ဂူများ ပေါ်များပြီး အစိုးရရုံးပိတ်ရက်နှင့် နှစ်ကူးကာလများတွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များ ဝင်ရောက်မှု များပြားလျက်ရှိသည်။



ဂေါ်ရန်ဂျီကျွန်းသို့ ခြေကျင်တောင်တက်ပြီး မြဝတီစေတီတော်မြတ်အား ဖူးမြော်ခြင်း၊ ဘုရားရင်ပြင်တော်မှ အလွန်သာယာလှပသော ဂေါ်ရန်ဂျီကျွန်း ပတ်ဝန်းကျင် ကမ်းခြေများအား ကြည့်ရှုအပန်းဖြေ အနားယူခြင်းများအပြင် သဲသောင်ပြင်သန့်ရှင်းခြင်းနှင့် ပင်လယ်ရေကြည်လင်ခြင်းတို့ကြောင့် ပင်လယ်ရေစိမ်ခြင်း၊ ရေကူးခြင်းဖြင့် အနားယူ အပန်းဖြေရန် ကောင်းသော ကမ်းခြေတစ်ခုဖြစ်သည်။ အဆိုပါ ဂေါ်ရန်ဂျီကျွန်း ကမ်းခြေမှ တစ်ဆင့် ဆက်လက်လည်ပတ်မည်ဆိုပါက ကမ်းခြေအနီး ပုဂံကျွန်း၊ အပြင်မိုးချိုင်၊ စပါးထားကျွန်း၊ ကျောက်ခြေထောက်ချိုင်၊ ကုလားမချိုင်၊ လိပ်ချိုင်၊ သစ်ရောင်းကျွန်း၊ မြင်းစီးကျွန်း၊ ကျွေချိုင်ကမ်းခြေတို့သို့ စက်လှေ၊ မော်တော်ဘုတ်များဖြင့် သွားရောက် လည်ပတ်နိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချောင်းသာကမ်းခြေသို့ အများပြည်သူရုံးပိတ်ရက်များတွင် ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု များပြား

**ချောင်းသာ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာ ကမ်းခြေသည် နယ်မြေအေးချမ်းသောဒေသ ဖြစ်သည့်အလျောက် အများပြည်သူရုံးပိတ်ရက်များတွင် ခရီးသွားဧည့်သည်များ အများအပြား လာရောက်လည်ပတ်လျက်ရှိသည်။

ချောင်းသာကမ်းခြေတွင် ပုံမှန် စနေ၊ တနင်္ဂနွေနေ့တို့တွင် ခရီးသွားဧည့်သည်များ လာရောက် လည်ပတ်မှုများရှိသော်လည်း အများပြည်သူရုံးပိတ်ရက်များတွင် ကမ်းခြေတစ်လျှောက် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်လျက်ရှိပြီး ချောင်းသာကမ်းခြေရှိ ကျောက်ပုထိုးဘုရား၊ ကျောက်မောင်နှမဘုရားနှင့် Sea & Lake များသို့ အိုးဝေ၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။



ထို့အပြင် ချောင်းသာကမ်းခြေသို့ လာရောက်သည့်ခရီးသွားဧည့်သည်များ စိတ်အေးချမ်းစွာ ပျော်ရွှင်နိုင်ရေးအတွက် အပတ်စဉ် စနေနေ့တိုင်း မြို့ဦးစီးမှူး ဦးဟန်ဖြိုးဇော် ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းပြီး သန့်ရှင်းရေးများ ဆောင်ရွက်ခြင်းနှင့် ယာဉ်အန္တရာယ် မဖြစ်စေရေးတို့အတွက် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**❖ ငွေဆောင်မှ**

ယခုလ အစိုးရရုံးပိတ်ရက် ခြောက်ရက်အတွက် ဟိုတယ်၊ တည်းခိုရိပ်သာများ၏ အခန်းအားလုံးနီးပါး ငှားရမ်းထားရပြီး ၁၂ ရက်မှ ၁၄ ရက်အထိ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည် စုစုပေါင်း ၁၀၉၃၆ ဦး ဝင်ရောက်အပန်းဖြေလျက်ရှိကြောင်း သိရသည်။

ဒေသခံလုပ်ငန်းရှင်တစ်ဦးက “ရုံးပိတ်ရက်တွေမှာတော့ ဧည့်သည်ဝင်ရောက်မှု ပိုမိုများလာပါတယ်။ ဒါကြောင့် ဟိုတယ်၊ စားသောက်ဆိုင်တွေအတွက် ဝင်ငွေတိုးတက်လာပြီး ဒေသခံပြည်သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိပါတယ်” ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသောခရီးသွားဧည့်သည်များက ရေကစားခြင်း၊ သဲသောင်ပြင်လမ်းလျှောက်ခြင်း၊ နေဝင်ချိန်ရှုခင်းကြည့်ရှုခြင်းတို့ကို လုပ်ဆောင်ကြပြီး စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ခရီးသွားများ၏ လုံခြုံရေးနှင့် အဆင်ပြေချောမွေ့မှုအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်ထားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ကမ်းခြေသန့်ရှင်းရေး၊ ယာဉ်ကြောထိန်းသိမ်းရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)



## သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ၌ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ စက်စဲကမ်းခြေ၌ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြစ်သည့် ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက်ရေကစားသူများနှင့် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား လာရောက်ဖူးမြော်ပြီးအပြန် စက်စဲကမ်းခြေသို့ ဝင်ရောက်အပန်းဖြေရေကစားသူများဖြင့်လည်း အထူးစည်ကားလျက်ရှိရာ ရေကစားသူများ စိတ်အေးချမ်းမြေ့စွာ အပန်းဖြေရေကစားနိုင်ရေး လုံခြုံရေးများထားရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အတွင်းရှိ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ကမ်းခြေတစ်လျှောက် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

### UNIT 11 THANAKHA, UNIQUELY MYANMAR

**I. Complete the sentences with the appropriate words. The initial letters are given.**

1. She visited her b__________ grandmother every Sunday.
2. The shop was filled with the f__________ of roses and jasmine.
3. The tourism industry in this city is b_________.
4. The b________ of the sunset took everyone's breath away.
5. Teenagers often get p_________ during puberty.
6. He was c____________ of the mistake he made in the report.
7. She bought a new c__________ product to improve her skin.
8. My uncle is a successful e__________ who owns several restaurants.
9. Each painting in the gallery has a u________ style.
10. Ginger has m_________ properties that can help with digestion.

**II. Choose the appropriate words or phrases to complete the sentence.**

(1) You can -------- the glue to stick the envelope.
(A) wear (B) apply (C) smear

(2) Some phrasal verbs are --------, that is, they cannot be separated by object.
(A) inseparable (B) inseparability (C) inseparably

(3) There are -------- stars in the sky of moonless night.
(A) uncountable (B) incalculable (C) countless

(4) Bagan -------- as archaeological treasure house in Asia by the tourists.
(A) is recognized (B) recognized (C) recognize

(5) These lacquerwares are not for --------.
(A) sold (B) selling (C) sale

(6) Teenagers are likely to suffer form -------- in their face.
(A) rashes (B) glands (C) pimples

(7) Tun Mg worked very hard so he ---------.
(A) was promoted (B) promote (C) is promoted

(8) If you want to go to this town, you should travel by -------- train.
(A) an express (B) a local (C) a freight

(9) We must use an article 'the' in English when writing -------- things.
(A) unique (B) uniqueness (C) uniquely

(10) Some plants can be used as -------- herbs.
(A) medical (B) medicinal (C) medicine

**III. Rewrite the sentence according to the instructions given in brackets.**

1. Dr. Smith is the head surgeon. He performed the complicated heart operation. **(Join, using nouns in apposition.)**
2. She saves less money. She becomes more worried about her future. **(Rewrite, using 'the more / less / –er …, the more / less / –er …')**
3. By the end of this year, she __________ (complete) her master's degree. **(Complete the sentence, using the correct tense of the verb given in brackets.)**
4. When the teacher entered, the students were in the classroom, and the principal was at the door. **(Rewrite the sentence, omitting the verbs where necessary.)**
5. When we lived in the countryside, we __________ (walk) several miles to school every day. **(Rewrite, using the correct form of 'used to'.)**
6. He said to me, "I have already finished my report." **(Change the sentence into the reported speech.)**
7. The committee will announce the final results tomorrow. **(Change the sentence into the Passive voice.)**
8. When the police arrived, the thieves __________ (escape) through the back door. **(Complete the sentence, using the correct tense of the verb in brackets.)**
9. You can submit your essay today. You can submit it tomorrow morning. **(Join, using 'either … or'.)**
10. She didn't attend the meeting. She didn't send her report. **(Join, using 'neither … nor'.)**

**Answers**

**UNIT 11 THANAKHA, UNIQUELY MYANMAR**

I.1. beloved 2. fragrances 3. booming 4. beauty 5. pimples 6. conscious 7. cosmetic 8. entrepreneur 9. unique 10. medicinal

II.1. (B) apply 2. (A) inseparable 3. (C) countless 4. (A) is recognized 5. (C) sale 6. (C) pimples 7. (A) was promoted 8. (A) an express 9. (A) unique 10. (B) medicinal

III. 1. Dr. Smith, the head surgeon, performed the complicated heart operation. 2. The less money she saves, the more worried she becomes about her future. 3. By the end of this year, she will have completed her master's degree. 4. The teacher entered; the students in the classroom, and the principal at the door. 5. When we lived in the countryside, we used to walk several miles to school every day. 6. He told me that he had already finished his report. 7. The final results will be announced by the committee tomorrow. 8. When the police arrived, the thieves had escaped through the back door. 9. You can submit your essay either today or tomorrow morning. 10. She neither attended the meeting nor sent her report.

**************************

## Grade 11

### Unit 11 DREAMS

I. Complete the sentences with the appropriate words. The initial letters are given.

1. Her school a_________ were celebrated at the awards ceremony.
2. He often wakes up from n________ feeling scared.
3. The word "home" has a warm and positive c________.
4. Scientists were excited about the d________ of a new species.
5. The lion is a f________ animal in the wild.
6. Famous p_________ like Shakespeare wrote plays that are still performed today.
7. Many n_______ create imaginary worlds in their books.
8. The telephone was a brilliant i________ that changed communication.
9. The artist's work is very c________ and makes people think deeply.
10. She loves reading f________ novels before going to bed.

**II. Choose the appropriate words or phrases to complete the sentence.**

1. The movie was _______ interesting, so we decided to watch it again.
(A) fairly (B) largely (C) nearly
2. It was _______ midnight when we arrived home.
(A) almost (B) scarcely (C) slightly
3. The weather was _______cold, but we still went for a walk.
(A) pretty (B) completely (C) rather
4. The room was _______ empty except for one chair.
(A) almost (B) most (C) scarcely
5. William Shakespeare was a famous English _______.
(A) novelist (B) musician (C) playwright
6. Scientists _______ that climate change affects sea levels.
(A) argue (B) claim (C) mention
7. She _______ a beautiful drawing of the temple.
(A) made (B) did (C) took
8. I had a strange _______ about flying through space last night.
(A) nightmare (B) daydream (C) memory
9. The teacher _______ that the exam would be next Monday.
(A) proposed (B) said (C) stated
10. This discovery _______ by a team of young scientists.
(A) made (B) was made (C) is made

**III. Rewrite the sentences according to the instructions given in brackets.**

(1) By the time you arrive, we _______ (finish) dinner. **(Complete the sentence with the correct future tense.)**

(2) Someone will deliver the package tomorrow. **(Change the sentence into the passive voice.)**

(3) People believe that this medicine cures headaches. **(Change the sentence into the passive voice, beginning with "It…")**

(4) You _______ (not / have to) wear a uniform on Fridays. **(Complete the blanks with the correct tenses of the verbs in brackets.)**

(5) The girl saw a dog. She was crossing the road. **(Combine the sentences using a participle phrase.)**

(6) He acts in a friendly way. He doesn't really like anyone. **(Rewrite the sentence using "as if" and the words given in brackets.)**

(7) I think they _______ (arrive) here at 6 p.m. tomorrow. **(Complete the sentence with the correct future tense.)**

(8) At the moment, my parents _______ (decorate) the living room. **(Complete the blanks with the correct tenses of the verbs in brackets.)**

(9) He will write a report. He goes to the meeting. **(Join the sentences, using "before.")**

(10) She promised _______ (help) me with my English project. **(Complete the sentence with the gerund or to-infinitive form of the verb in brackets.)**

***************

**Answers**

**Unit 11 DREAMS**

I.1. achievements 2. nightmares 3. connotation 4. discovery 5. fearsome 6. playwrights 7. novelists 8. invention 9. conceptual 10. fiction

II. 1. (A) fairly 2. (A) almost 3. (C) rather 4. (A) almost 5. (C) playwright 6. (B) claim 7. (A) made 8. (A) nightmare 9. (C) stated 10. (B) was made

III. 1. By the time you arrive, we will have finished dinner. 2. The package will be delivered tomorrow. 3. It is believed that this medicine cures headaches. 4. You don't have to wear a uniform on Fridays. 5. Crossing the road, the girl saw a dog. 6. He acts in a friendly way as if he liked everyone. 7. I think they will arrive here at 6 p.m. tomorrow. 8. At the moment, my parents are decorating the living room. 9. He will write a report before he goes to the meeting. 10. She promised to help me with my English project. .

********************

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

**Grade 12**

**Unit 6 ARTIFICIAL INTELLIGENCE**

**(ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏အဖြေများ)**

IV.(A) 1. innocence 2. You'll 3. whopping 4. his native air 5. its magic

(B)1. In the field of education, AI can assist teachers in grading tests, retrieving up-to-date information on their subject matter, writing progress reports, etc. 2. The Second Industrial Revolution emerge in the nineteenth century. 3. If AI is misused, there will be Job displacement and economic inequality — If AI replaces many human jobs without proper planning, it could lead to widespread unemployment and deepen the gap between rich and poor. 4. The main focus of Artificial Intelligence (AI) is creating machines with humanlike intelligence and capacity. 5. Professor John McCarthy, a computer scientist from Stanford University, created the term "artificial intelligence" in 1956. 6. The goals of AI scientists include making AI-powered machines perform human tasks, reducing the amount of time needed to perform specific tasks, and enhancing communication between humans and machines. 7. Space scientists are now using unmanned spacecraft with AI tools to study unknown stars and black holes. 8. Two drawbacks of AI are that creating an AI-powered machine is way too expensive, and in mass production, human workers are being replaced with robots, family members of AI-powered machines. 9. The replacement of human workers with robots in mass production can lead to a high risk of unemployment or redundancy in the future. 10. These lines mean that the man who is happy has all his wish and care in a few paternal acres that he possesses.

V.(1)(A)(1) intelligent (2) enormous and constant (3)technological advances (4) are created (5) cognitive functions

(B)(6) Human beings have made their dreams in reality since time immemorial. (7) We can have easier and more comfortable life because of great advances in technology. (8) Human intelligence means the ability to learn, understand, reason and make judgements. (9) Professor John McCarthy, a computer scientist from Stanford University coined the term ' artificial intelligence ' in 1956. (10) AI – powered machines can perform human tasks by reducing the amount of time needed to perform specific tasks and enhancing communication between humans and machines.

V.(2)(A) (1) has changed (2) long (3) the eighteenth century (4) the Digital Revolution (5) electricity

(B) (6) The growth of AI technology occurs with Industry 4.0 day by day. (7)The First Industrial Revolution began to take place with the advent of stream – powered engines. (8) The invention of steam – powered automobiles and railway engines made the transpor- tation systems dramatically change in industrializing countries. (9)The Second Industrial Revolution took place in the nineteenth century. (10) AI has taken centre stage in science and technology in Industry 4.0.

V.(3)(A) (1) successful (2) reasoning, speech and vision (3) examples of AI technology (4) are typing (5) AI technology

(B)(6) AI scentists have invented a wide range of machines, devices, and tools powered by AI. (7) Pop – up messages suddenly appear on the screen when we are typing a text on a computer or on a mobile. (8) It seems that the computer can read our minds because most of the time, the suggestions of pop – up messages are quite the same as what we are going to write. (9) A computer corrects spelling mistakes automatically and it is known as the auto – correction feature of a computer software application. (10)Security cameras can help us protect our homes.

V.(4)(A)(1) self – driving cars (2) easily (3) were delivered (4) be retrieved (5) a personal classroom

(B) (6) Reducing driver error as well as the number of accidents makes driverless cars more popular among people. (7) We can get to an unfamiliar place at that moment by following the directioins of Google Maps and GPS Navigation Apps installed on our mobiles. (8) Unmanned spacecraft with AI tools are used by space scientists to study unknown stars and black holes. (9) AI can help teachers grade tests, retrieve up – to – date information on their subject matter, write progress reports in the field of education. (10) AI is everything: playmate, friend, tutor, advisor, etc. for today's students, who are digital natives.

*******************

## Unit 6 ARTIFICIAL INTELLIGENCE

**(ယခင်တစ်ပတ်မှအဆက်)**

**V.(5) Read the passage.**

AI greatly contributes to the conservation of the natural environment as well. We are using AI-powered robotic boats to clean up lakes, rivers, and seas. Nowadays most of the industries around the world are full of innovations such as AI-based industrial robots machines and tools.

**What are the drawbacks of AI?**

Like any other inventions, AI has its drawbacks. Creating an AI-powered machine is way too expensive. In mass production, human workers are being replaced with robots, family members of AI-powered machines. This can result in a high risk of unemployment or redundancy in the future. On top of that, if these powerful AI tools are in the hands of bad people, we dare not imagine what will happen to the entire human race.

No matter whether we recognise it or not, AI is everywhere, with its success stories here and there To a certain extent, AI-powered machines are reportedly outperforming humans in such sectors as transportation, security surveillance, healthcare management and aeronautical engineering. All powered machines can do human tasks with the greatest precision. With this extraordinary innovation, what will be the future of human beings? Will we be better off in the future? Only time will tell what our future will be like in Industry 4.0 and beyond, with all the technological advances yet to come.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) AI greatly contributes to -------- natural environment.
(2) AI – based industrial robots, machines and tools -------- by industries.
(3) There are -------- to use AI – powered machines.
(4) It is not -------- enough to creat AI – powered machines.
(5) The -------- of AI are here and there.

**(B) Answer each question in one sentence. (5 marks)**

(6) Why are AI – powered robotic boats used?
(7) How can a high risk of unemployment or redundancy take place in future?
(8) When daren't we imagine what will happen to the entire human race?
(9) Where are AI – powered machines reportedly outperforming humans?
(10) What can no one predict with all the technological advances yet to come?

**VI. Read the passage.**

Digital devices have become an integral part of our lives, transforming the way we communicate, access information, and entertain ourselves. Digital devices encompass a wide range of portable **gadgets** such as smartphones, tablets, laptops, and smartwatches. These devices have revolutionized the way we connect with others and navigate the digital landscape. One of the key benefits of digital devices is their ability to connect us to a vast amount of **information** through the internet. With a few taps or clicks, we can access news, research, educational resources, and multimedia content from all around the world. Digital devices have also transformed communication. Through messaging apps, social media platforms, and video conferencing tools, we can **instantly** connect with friends, family, and colleagues, regardless of geographical boundaries. The convenience and **portability** of digital devices have recolonized entertainment. With a smartphone or tablet, we can stream movies, listen to music, play games, and read books wherever we go. However, the growing of **reliance** on digital devices raises concerns about screen time and its impact on our well – being. It is essential to strike a balance and practise healthy digital habits, such as taking breaks, engaging in physical activities, and maintaining social connections offline.

**(A) Find the bold – faced words in the passage that are similar in meaning in the following. ( 5 marks )**

(1) facts provided or learned about something or someone (1)------------
(2) small mechanical or electronic devices or tools (2) ------------
(3) the ability to be easily carried or moved (3) ------------
(4) dependence on or trust in someone or something (4)------------
(5) at once; immediately (5) -----------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) How have digital devices become an integral part of our lives?
(7) What are some examples of digital devices?
(8) What can we do with a few taps or clicks on the internet?
(9) When can we instantly connect with friends, family, and colleagues, regardless of geographical boundaries?
(10) Why is it essential to strike a balance and practise healthy digital habits?

*******************

Answer

Unit 6 ARTIFICIAL INTELLIGENCE

V.(5)(A) (1) conserve (2) are innovated (3) drawbacks (4) cheap (5) success stories

(B) (6) AI – powered robotic boats are used to clean up lakes, rivers, and seas. (7) A high risk of unemployment or redundancy can take place by replacing human workers with robots, family members of AI – powered machine, in mass production industries in future. (8) We daren't imagine what will happen to the entire human race when the powerful AI tools are in the hands of bad people. (9) AI – powered machines are reportedly outperforming humans in such sectors as transportation, security surveillance, healthcare management and aeronautical engineering. (10) No one can predict what our future will be like in Industry 4.0 and beyond with all the technological advances yet to come.

VI.(A) (1) information (2) gadgets (3) portability (4) reliance (5) instantly

(B)(6) Digital devices have become an integral part of our lives by transforming the way we communicate, access information, and entertain ourselves. (7) Some examples of digital devices are smartphones, tablets, laptops, and smartwatches. (8) With a few taps or clicks on the internet, we can access news, research, educational resources, and multimedia content from all around the world. (9) Regardless of geographical boundaries, we can instantly connect with friends, family, and colleagues when we use messaging apps, social media platforms, and video conferencing tools. (10) It is essential to strike a balance and practise healthy digital habits because of the growing of reliance on digital devices raises concerns about screen time and its impact on our well – being.

*******************


အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးဖို့ AI ကို အကျိုးရှိစွာ အသုံးချစို့

နှင်းနွယ်

**ယနေ့ခေတ်တွင် လျင်မြန်စွာ ပြောင်းလဲတိုးတက်လာသော ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence -AI) သည် အလုပ်သမားဈေးကွက်အတွင်း ကြီးမားသော အသွင်ပြောင်းအားတစ်ခုအနေဖြင့် ပေါ်ထွက်လာခဲ့ပြီး အလုပ်အကိုင်၏ သဘောသဘာဝ၊ လုပ်ငန်းခွင်၏ ဖွဲ့စည်းပုံ၊ ကဏ္ဍအသီးသီးရှိ အလုပ်အကိုင်အခန်းကဏ္ဍများနှင့် အလုပ်အကိုင်ခွဲဝေမှုတို့ကို အခြေခံကျကျ ပြန်လည်ပုံဖော်လျက်ရှိသည်။ AI နည်းပညာများ ဆက်လက်တိုးတက်လာသည်နှင့်အမျှ ၎င်း၏ လုပ်သားဈေးကွက်အပေါ် သက်ရောက်မှုသည်လည်း နက်ရှိုင်းကျယ်ပြန့်လာသည်။**

တစ်ဖက်တွင်လည်း AI သည် လုပ်ငန်းလည်ပတ်မှုများကို အလိုအလျောက်လုပ်ဆောင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ၊ ဒေတာခွဲခြမ်းစိတ်ဖြာမှု၊ စက်သင်ယူမှုနှင့် AI ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော နယ်ပယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးလျက်ရှိပါသည်။ အခြားတစ်ဖက်တွင်မူ AI သည် အလုပ်အကိုင်အစားထိုးခံရခြင်းနှင့် ကျွမ်းကျင်မှုကွာဟချက်ကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် AI သည် အလုပ်အကိုင်ဖန်တီးမှုနှင့် အဟန့်အတားဖြစ်စေမှုနှစ်မျိုးစလုံး၏ စွမ်းအားပြင်းသောတွန်းအားတစ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရသည်။




AI ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ရပ်တန့်နေမည်မဟုတ်သဖြင့် လုပ်သားဈေးကွက်အပေါ် ယင်း၏ သက်ရောက်မှုသည်လည်း စိမ့်ဝင်ထိုးဖောက်လာမည်သာဖြစ်သည်။ ထိုသို့ AI ၏ ပြောင်းလဲတိုးတက်မှု အလားအလာများ၊ အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်ပြီး **AI သည် ကျွန်ုပ်တို့၏ အလုပ်အကိုင်များနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို မည်သို့ ပုံဖော်လာနိုင်သည်ကို စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာရမည်ဖြစ်ပါသည်။**

**အသွားနှစ်ဖက်ပါ ဓားတစ်ချောင်းကဲ့သို့**

AI ၏ လုပ်ဆောင်နိုင်စွမ်းသည် အသွားနှစ်ဖက်ပါ ဓားတစ်ချောင်းကဲ့သို့များ ဖြစ်နေမလားဆိုသည်မှာ စဉ်းစားစရာဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် AI သည် လုပ်ငန်းလည်ပတ်မှုကို ထိရောက်စွာ မြှင့်တင်ပေးနေသော်လည်း တစ်ချိန်တည်းမှာပင် AI ကြောင့် အလုပ်အကိုင် အစားထိုးခံရမှုအန္တရာယ် (Job Displacement Risk) ဖန်တီးပေးနေသောကြောင့်ဖြစ်သည်။ ၂၀၁၃ ခုနှစ်က အောက်စ်ဖို့ဒ်တက္ကသိုလ်က ခန့်မှန်းခဲ့သော လေ့လာမှုတစ်ခုတွင် နောင်လာမည့် အနှစ် ၂၀ အတွင်း အမေရိကန်နိုင်ငံရှိ အလုပ် အကိုင်များ၏ ၄၇ ရာခိုင်နှုန်းနီးပါးသည် AI အခြေပြု အလိုအလျောက်စနစ်ဖြင့် လုပ်ဆောင်နိုင်မည်ဟု မှန်းဆခဲ့ကြပါသည်။ သို့သော် အခြားတစ်ဖက်တွင်လည်း AI သည် လူသားများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် စွမ်းရည်ကို မြှင့်တင်ပေးမည့် အားကူကိရိယာတစ်ခုဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီကြပါသည်။

World Economic Forum၊ Future of Jobs Global Report 2023 အရ အလုပ်ရှင်များက အလုပ်အကိုင်ဈေးကွက်တွင် လိုအပ်သော အဓိက ကျွမ်းကျင်မှုများ၏ ၃၉ ရာခိုင်နှုန်းသည် ၂၀၃၀ ပြည့်နှစ်တွင် ပြောင်းလဲသွားမည်ဟု မျှော်မှန်းထားပြီး နည်းပညာကျွမ်းကျင်မှုများနှင့်အတူ ပြဿနာဖြေရှင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း စသည့် လူသားဆန်သော စွမ်းရည်များသည် လာမည့် ငါးနှစ်အတွင်း ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

McKinsey Global Institute ၏ စမ်းသပ်ချက်မော်ဒယ် (Simulation) ပြသမှုအရ AI ၏ ကျယ်ပြန့်သော လက်ခံကျင့်သုံးမှုနှင့် တိုးတက်မှုသည် အနာဂတ်၌ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအဆင့်တွင် အမေရိကန်ဒေါ်လာ ၁၃ ထရီလီယံခန့် ထပ်ဆောင်းပေးစွမ်းနိုင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP) ရရှိမှုကို ယခုထက် ၁၆ ရာခိုင်နှုန်း ပိုမိုရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် AI သည် ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်များ၏ တီထွင်ဆန်းသစ်မှုနည်းပညာများထဲတွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးများကို ပြောင်းလဲစေနိုင်သော နည်းပညာများထဲမှ တစ်ခုဖြစ်နိုင်သည့် အလားအလာရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

**ကဏ္ဍစုံအပေါ် သက်ရောက်နိုင်မှု**

AI ၏ အနာဂတ်သည် အဆုံးအစမရှိသော ဖြစ်နိုင်ခြေနှင့် အသုံးချမှုများကို ယူဆောင်လာပြီး ကျွန်ုပ်တို့၏ဘဝများကို ရိုးရှင်းလွယ်ကူစေရန် ကူညီပေးကာ ကဏ္ဍစုံအတွက် အပြုသဘောဆောင်သော အပြောင်းအလဲများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် ကျွမ်းကျင်သူများကမူ **ဤအပြောင်းအလဲ၏အရှိန်သည် လူ့အဖွဲ့အစည်းအတွက် ကြီးမားသော စိန်ခေါ်မှုများကိုလည်း ယူဆောင်လာနိုင်သည်**ဟုလည်း သတိပေးထားပါသည်။ **နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဥပဒေရေးရာ စသည့်ကဏ္ဍအသီးသီးတွင် AI ၏ နက်ရှိုင်းသော သက်ရောက်မှုများကို ခံနိုင်ရည်ရှိရန် ကြိုတင်ပြင်ဆင်ထားရမည်**ဖြစ်ပြီး ထိုပြင်ဆင်မှုများသည် လုပ်သားဈေးကွက်နှင့် စက်မှုလုပ်ငန်းများအပေါ် ကြီးမားသော အကျိုးဆက်များရှိလာမည်ဖြစ်ပါသည်။

အချို့သော ကျွမ်းကျင်သူများက AI သည် ထုတ်လုပ်မှုစွမ်းအား တိုးတက်စေခြင်း၊ ပိုမိုတိကျထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် တစ်ဦးချင်းဆိုင်ရာပညာရေးတို့အား သက်ရောက်မှုရှိယာ ကျယ်ပြန့်စွာဖြင့် ဝေးလံသောဒေသများ သို့ပင် လက်လှမ်းမီစေနိုင်သည်ဟု မျှော်မှန်းကြပါသည်။ သို့သော် အခွင့်အလမ်းများကို အပြည့်အဝရယူနိုင်ရန်အတွက် AI ဖွံ့ဖြိုးတိုးတက်မှုကို လူသားချင်း စာနာထောက်ထားမှု၊ ကျင့်ဝတ်ညီညွတ်မှုနှင့် အားလုံးပါဝင်နိုင်မှုတို့ကို အခြေခံသည့် မူဝါဒများဖြင့် ဦးတည်ရမည်ဖြစ်ပါသည်။

**အလုပ်အကိုင်များအပေါ် AI ၏ သက်ရောက်မှု**

Goldman Sachs ၏ ၂၀၂၃ ခုနှစ် အစီရင်ခံစာအရ AI သည် ကမ္ဘာတစ်ဝန်းရှိ အချိန်ပြည့်အလုပ်အကိုင် သန်း ၃၀၀ ခန့်ကို အလိုအလျောက်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ နှစ်စဉ်ထုတ်လုပ်မှုကို ခုနစ်ရာခိုင်နှုန်းအထိ တိုးမြှင့်စေနိုင်သည်ဟု ခန့်မှန်းထားပါသည်။ McKinsey Global Institute ၏ လေ့လာမှုတစ်ခုအရ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်းများ၏ အနည်းဆုံး ၁၄ ရာခိုင်နှုန်းသည် ဒစ်ဂျစ်တယ်ပြောင်းလဲမှု၊ စက်ရုပ်ပညာနှင့် AI တိုးတက်မှုတို့ကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းပြုရာ အလုပ်အကိုင်များကို ပြောင်းလဲရန် လိုအပ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

**အလိုအလျောက်စနစ်ဖြင့် တွဲဖက်ဆောင်ရွက်လာ**

Generative AI နှင့် စက်ရုပ်များ၏ တိုးတက်မှုကြောင့်အချို့အလုပ်အကိုင်များသည်အလိုအလျောက် လုပ်ဆောင်မှုနှင့် လူ-စက်တွဲဖက်အလုပ်လုပ်ခြင်းကို ဆောင်ရွက်လာကြသည်။ ဥပမာ-ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ၊ ညွှန်ကြားအလုပ်အကိုင်၊ စာရင်းကိုင်/ စာရင်းထိန်း၊ သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ ဂိုဒေါင်လုပ်ငန်း၊ အရောင်းဆိုင်လုပ်ငန်း စသည့် အလုပ်အကိုင်များတွင် AI နည်းပညာများကို တွင်ကျယ်စွာ အသုံးပြုလာကြပြီး လူ-စက်တွဲဖက် အလုပ်လုပ်ခြင်းကို ဆောင်ရွက်လာကြပါသည်။

**AI ဖြင့် အလုံးစုံအစားမထိုးနိုင်သေး**

AI သည် အစားထိုးသည့်အလုပ်ထက် အလုပ်အကိုင်အသစ်များ ပိုမိုဖန်တီးပေးမည်ဖြစ်သည်။ AI သည် ပညာရပ်အများစုကို ကူညီမြှင့်တင်ပေးနေသော်လည်း လူသားများတွင်သာရှိနိုင်သည့် ထူးခြားသော ဝိသေသလက္ခဏာ၊ စိတ်ခံစားမှုများကိုတော့ ယှဉ်ပြိုင်တုပနိုင်ခြင်း မရှိပါ။ ဆိုလိုသည်မှာ ပွင့်လင်းသော အလုပ်အကိုင်ဈေးကွက်တွင် အလုပ်လုပ်ကိုင်သူများကို AI က အစားထိုးနိုင်မည်မဟုတ်ပါ။ ဥပမာ- ဆရာ၊ ဆရာမအလုပ်အကိုင် (Trainers)၊ ရှေ့နေများနှင့် တရားသူကြီးများ၊ ဒါရိုက်တာများ၊ မန်နေဂျာများနှင့် CEO များ၊ HR မန်နေဂျာများ၊ စိတ်ပညာရှင်များနှင့် စိတ်ကျန်းမာရေးဆရာဝန်များ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ ကွန်ပျူတာစနစ်ဆန်းစစ်သုံးသပ်သူများ၊ အနုပညာရှင်များနှင့် စာရေးဆရာများ စသည့်အလုပ်အကိုင်များတွင် AI နည်းပညာကို အလုပ်အကိုင်အတွက် ပံ့ပိုးပေးနိုင်ရုံ၊ အကူအညီရရှိရန်သာ ဆောင်ရွက်နိုင်ပြီး ဆုံးဖြတ်ခြင်းနှင့် လူသားဆန်သော ကူညီပံ့ပိုးမှုနှင့် ဆုံးဖြတ်ခြင်းကို AI က ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

**အလုပ်အကိုင်သစ်များဖန်တီးပေးခြင်း**

World Economic Forum 2023 ၏ Report အရ ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်အကိုင်ပေါင်း ၈၃ သန်းခန့်ကို ဒစ်ဂျစ်တယ်နည်းပညာ၊ AI Chatbot၊ အလိုအလျောက်စနစ်ဖြင့် အစားထိုးနိုင်မည်ဟု ဆိုထားပြီး အလုပ်အကိုင်သစ် ၆၉ သန်းခန့် ပေါ်ပေါက်လာမည်ဟု ဆိုထားပါသည်။ AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပေါ်ပေါက်လာသော အလုပ်အကိုင်သစ်မှာ-

(က) **စက်သင်ယူမှုအင်ဂျင်နီယာ (Machine Learning Engineer-ML)**- စက်သင်ယူမှုအင်ဂျင်နီယာများသည် စနစ်များအား ဒေတာမှ သင်ယူနိုင်စေပြီး အချိန်နှင့်အမျှ ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် အယ်လ်ဂိုရီသမ်များကို တီထွင်ပြုပြင်ပေးပါသည်။

(ခ) **သဘာဝဘာသာစကားဆိုင်ရာ စီမံခန့်ခွဲမှု (Natural Language Processing-NLP) ကျွမ်းကျင်သူ** - Chatbot Developers များသည် AI နှင့် NLP တို့ကို အသုံးပြု၍ အသုံးပြုသူများကို နားလည်ပြီး သဘာဝကျကျ ဆက်သွယ်ပြောဆိုကာ တန်ဖိုးရှိစွာ အကူအညီပေးနိုင်သည့် bot များကိုဖန်တီးပေးပါသည်။ Virtual Assistant နှင့် Auto-mated Customer များ ပိုမိုရေပန်းစားလာသည်နှင့်အမျှ NLP များ၏ အခန်းကဏ္ဍသည် ထိရောက်ပြီး အပြန်အလှန်ဆက်သွယ်မှုများကို ဆောင်ရွက်ရာတွင် အရေးပါလှပါသည်။

(ဂ) **AI ကျင့်ဝတ်ပညာရှင် (AI Ethicist)** - AI ကျင့်ဝတ်ပညာရှင်သည် AI နည်းပညာများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေပါသည်။ ၎င်းတို့သည် AI စနစ်များ၏ ဖြစ်နိုင်ခြေရှိသော လူမှုရေး၊ ဥပဒေရေးရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးဆက်များကို အကဲဖြတ်ပြီး ဘက်လိုက်မှု၊ ကိုယ်ရေးကိုယ်တာလုံခြုံမှုနှင့် ပွင့်လင်းမြင်သာမှုဖြစ်စေရန် ကိုင်တွယ်ဖြေရှင်းပေးသည်။

> **ကျွမ်းကျင်သူများက AI နှင့် စက်မှုသင်ယူမှုသည် အလုပ်အကိုင်အစားထိုးခြင်းထက် အလုပ်အကိုင်အသစ်များစွာ ဖန်တီးပေးခြင်းဖြင့် လုပ်သားများကို အထောက်အကူပြုမည်ဟု ဆိုကြပါသည်။ သို့သော်လည်း AI ကို အသုံးပြုပြီး အသက်မွေးဝမ်းကျောင်းလမ်းကြောင်းအသစ်တစ်ခု တည်ဆောက်နိုင်ရန် ဘဝတစ်သက်တာအတွက် လိုအပ်သောကျွမ်းကျင်မှုများကို သင်ယူထားရန်လည်း လိုအပ်**

**စာမျက်နှာ ၂၃ သို့** ☆

☆ စာမျက်နှာ ၂၂ မှ

(ဃ) **AI အချက်ပြအင်ဂျင်နီယာ (AI Prompt Engineer)** – AI Prompt Engineer သည် AI စနစ်များမှ ထုတ်လုပ်သည့် တုံ့ပြန်ချက်များကို အကောင်းဆုံးဖြစ်စေရန် Prompt များကို ဒီဇိုင်းဆွဲခြင်းနှင့် မွမ်းမံခြင်းတို့ကို ဆောင်ရွက်ပေးသည်။

(င) **Big Data Technician**– Big Data Technician သည် Big Data Ecosystem ၏ “စက်မှုလက်မှုပညာရှင်”ဖြစ်ပြီး Data Scientist များ ခွဲခြမ်းစိတ်ဖြာခြင်း၊ စီးပွားရေး ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်သော ဒေတာစီးဆင်းမှုလမ်းကြောင်း (Data Pipeline) ကို ချောမွေ့စွာလည်ပတ်နိုင်စေရန် ထိန်းသိမ်းစောင့်ရှောက်ပေးသူဖြစ်သည်။

**AI မှပေးစွမ်းနိုင်မည့် အကျိုးကျေးဇူးများ**

AI အနေဖြင့် အလုပ်အကိုင်များဖန်တီးခြင်းနှင့် အသွင်ပြောင်းခြင်း၊ ထုတ်လုပ်မှုနှင့် စွမ်းဆောင်ရည်တိုးမြှင့်လာခြင်း၊ စီးပွားရေးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုကို ဆောင်ရွက်ခြင်း၊ ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အရင်းအမြစ်များ ခွဲဝေခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အရည်အသွေးနှင့် အလုပ်ခွင်အတွေ့အကြုံ တိုးတက်ကောင်းမွန်လာခြင်း၊ ကျွမ်းကျင်မှုကွာဟချက်များနှင့် ပညာရေးကိုဖြေရှင်းခြင်း၊ အလုပ်ခန့်ထားခြင်းတွင် အသုံးဝင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

**AI ကြောင့် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများ**

လောကဓမ္မတာအရ မည်သည့်အရာမဆို အကောင်းနှင့် အဆိုးသည် ဒွန်တွဲလျက်ရှိပါသည်။ ထို့အတူ AI အသုံးပြုခြင်းအားဖြင့် ကောင်းကျိုးများ ရရှိမည်ဖြစ်သကဲ့သို့ စိန်ခေါ်မှုများနှင့် ဆိုးကျိုးများလည်းရှိမည်ဖြစ်သည်။ AI နည်းပညာကို အသုံးပြုခြင်းအားဖြင့် အလုပ်အကိုင်အစားထိုးခံရခြင်း၊ ကျွမ်းကျင်မှုကွဲပြားခြင်းနှင့် မညီမျှခြင်း၊ အားနည်းသော အုပ်စုများအပေါ် မမျှတစွာ သက်ရောက်နိုင်ခြင်း၊ ဘက်လိုက်မှုများ ကြုံတွေ့နိုင်ခြင်း၊ အလုပ်သမားများအပေါ် စိတ်ပိုင်းဆိုင်ရာ သက်ရောက်ခြင်း စသည့် စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကောင်းကျိုးများကို ရရှိခံစားနိုင်ရန်အတွက် စိန်ခေါ်မှုဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေထားရမည်ဖြစ်သည်။

**ကျွမ်းကျင်မှုများ မြှင့်တင်ဖို့ AI နည်းပညာကို တတ်မြောက်အောင် ဆောင်ရွက်ကြစို့**

ကျွမ်းကျင်သူများက AI နှင့် စက်မှုသင်ယူမှုသည် အလုပ်အကိုင်အစားထိုးခြင်းထက် အလုပ်အကိုင်အသစ်များစွာ ဖန်တီးပေးခြင်းဖြင့် လုပ်သားများကို အထောက်အကူပြုမည်ဟု ဆိုကြပါသည်။ သို့သော်လည်း AI ကို အသုံးပြုပြီး အသက်မွေးဝမ်းကျောင်းလမ်းကြောင်းအသစ်တစ်ခု တည်ဆောက်နိုင်ရန် ဘဝတစ်သက်တာအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သင်ယူထားရန်လည်း လိုအပ်ပါသည်။

AI နှင့် ထိတွေ့မှုရှိပြီး AI ကို အလေးထားသော ကဏ္ဍသို့ ဦးတည်ပြောင်းလဲရန် ရည်ရွယ်ပါက AI နှင့်ပတ်သက်ပြီး သိထားသင့်သော အသိပညာ၊ ဗဟုသုတနှင့် အတွေ့အကြုံကို ပြသနိုင်ခြင်းသည် အသာစီးရစေနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ရရှိရန် လိုအပ်သောကျွမ်းကျင်မှုသင်တန်းများ တက်ရောက်ခြင်း၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများမြှင့်တင်ခြင်း၊ Online သင်တန်းများတက်ခြင်း၊ စက်မှုလုပ်ငန်းကို နားလည်အောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းအတွေ့အကြုံရယူခြင်း၊ Soft Skills ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းတို့ဖြင့် မိမိကိုယ်ကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

> **❛ ဉာဏ်ရည်တုနည်းပညာ (AI) သည် ကျွန်ုပ်တို့အတွက် ရွေးချယ်စရာ နည်းပညာတစ်ခုမဟုတ်တော့ဘဲ လက်တွေ့ဘဝသို့ ရောက်ရှိနေပြီဖြစ်ကာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို တစ်ပြိုင်နက်တည်း ယူဆောင်လာသော အင်အားစုကြီးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း AI ၏ တိုးတက်ပြောင်းလဲမှုကို နားလည်သဘောပေါက်ပြီး စနစ်တကျချဉ်းကပ်ကာ လိုက်ပါဆောင်ရွက်နိုင်ပါက အနာဂတ်လုပ်သားဈေးကွက်သည် ပိုမိုထိရောက် ဖန်တီးနိုင်စွမ်းရှိ၍ လူသားဆန်သောလုပ်ငန်းခွင်များ ဖြစ်ထွန်းလာစေရန် ဦးတည်နိုင်မည် ❜**

**AI နှင့်အတူ တတ်မြောက်ထားသင့်သည့် အထူးပြုကျွမ်းကျင်မှုများ**

AI ဖြင့် ဆန်းသစ်တီထွင်မှုမြင့်မားပြီး စိန်ခေါ်မှုများ များပြားလာသော ကမ္ဘာသစ်တွင် ကျွန်ုပ်တို့အနေဖြင့် AI နှင့်အညီ စီးမျောနိုင်ပြီး လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြရမည်ဖြစ်၍ ကျွမ်းကျင်မှုအသစ်များ တတ်မြောက်ထားရန် လိုအပ်သည်။ AI အသုံးပြုသော အလုပ်အကိုင်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး မည်သူတစ်ဦးတစ်ယောက်မှ နောက်မကျစေရန် ဆန်းစစ်ဝေဖန်တွေးခေါ်မှု၊ ကွန်ရက်များနှင့် ဆိုက်ဘာလုံခြုံရေး၊ နည်းပညာစာတတ်မြောက်မှု၊ ဖန်တီးဉာဏ်တွေးခေါ်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် လျင်မြန်မှုနှင့် စူးစမ်းလိုစိတ်နှင့် တစ်သက်တာသင်ယူမှု စသည်တို့ကို သိရှိလေ့လာထားရမည်ဖြစ်သည်။

**AI နှင့် လိုက်လျောညီထွေရှိစေရန် ကြိုတင်ပြင်ဆင်ခြင်း**

AI ပေါ်ပေါက်လာမှုသည် အလုပ်အကိုင်ဈေးကွက်အတွက် ခေတ်သစ်တစ်ခုကို လမ်းညွှန်ပေးလျက်ရှိရာ AI ကြောင့်ဖြစ်ပေါ်လာသည့်ပြောင်းလဲမှုများကြားတွင် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းတည်မြဲရန်နှင့် ကာကွယ်ရန်အတွက်–

(က) တိုးတက်လာသော နည်းပညာသစ်များနှင့် ကဏ္ဍအသစ်များ၊ အခွင့်အလမ်းသစ်များ ရှာဖွေရန်အတွက် ပွင့်လင်းမြင်သာ၍ **ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။**

(ခ) AI နှင့် အမီလိုက်နိုင်ရန် လိုအပ်သော **ကျွမ်းကျင်မှုများကို မြှင့်တင်ပါ။**

(ဂ) AI ကဲ့သို့ အကူအညီ၊ ထိုးထွင်းသိမြင်မှုများနှင့် ဖြစ်နိုင်ခြေရှိသော အလုပ်အကိုင်အခွင့်အလမ်းများကို ပေးစွမ်းနိုင်မည့် **ကွန်ရက် (Network) တည်ဆောက်ပါ။**

(ဃ) ပြဿနာဖြေရှင်းနိုင်ခြင်းနှင့် လူမှုဆက်ဆံရေး ကောင်းမွန်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်းကဲ့သို့သော **Soft Skills ကျွမ်းကျင်မှုရှိပါစေ။**

(င) AI ကို ဘဝတစ်သက်တာအသုံးချနိုင်ရန်အတွက် ခေတ်မီ **AI ပညာရပ်များကို တတ်မြောက်ရန် လေ့လာသင်ယူပါ။**

(စ) လုပ်ငန်းခွင်တွင် ထိရောက်မှု၊ ဆန်းသစ်မှု၊ ထိုးထွင်းသိမြင်မှုများရရှိရန်နှင့် အချိန်ကုန်သက်သာစေရန် **AI ကို အကျိုးရှိအောင် အသုံးချပါ။**

**လုပ်သားဈေးကွက်ဖွံ့ဖြိုးဖို့ AI ဖြင့် ဆောင်ရွက်စို့**

AI ၏ အကျိုးကျေးဇူးများကို အသုံးချရန်နှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရန် သော့ချက်မှာ AI ဖွံ့ဖြိုးရေးနှင့် အသုံးချမှုအတွက် အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍ မူဝါဒများ ချမှတ်ခြင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးရင်းနှီးမြှုပ်နှံမှုများနှင့် ကျင့်ဝတ်သိက္ခာရှိသော ကတိကဝတ်တို့အပေါ် တည်မှီနေသည်။ ဆိုးကျိုးများကို အပြုသဘောဆောင်သော ရလဒ်များအဖြစ် ပြောင်းလဲနိုင်ရန်အတွက် နည်းဗျူဟာများရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ပါသည်။

AI ဖြင့် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို အလုပ်သမားများအား ပံ့ပိုးပေးခြင်းဖြင့် အလုပ်အကိုင်ဆုံးရှုံးမှုများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ တိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်အောင် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်သည်–

(က) အစိုးရ၏ဦးဆောင်မှုဖြင့် AI နည်းပညာဆိုင်ရာ Upskilling နှင့် Reskilling ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊

(ခ) AI နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) AI နှင့် လူ ဟန်ချက်ညီစွာဆောင်ရွက်ခြင်း၊

(ဃ) လူသားများ၏ကျွမ်းကျင်မှုကို မြှင့်တင်ပေးမည့် လူသားဗဟိုပြု AI ဒီဇိုင်းများ ဖန်တီးခြင်း၊

(င) အလုပ်အကိုင်ဖန်တီးမှုကိုမြှင့်တင်ရန် AI အခြေစိုက် အကောင်အထည်ဖော်ရေးလုပ်ငန်းများ (AI Startup Incubators) အားရုံစိုက်ဆောင်ရွက်ခြင်း၊

(စ) AI Application များ အသုံးပြုမှု မြှင့်တင်ခြင်း၊ AI စွမ်းရည်များဖြင့် စီးပွားရေးပုံစံအသစ်များနှင့် အလုပ်အကိုင်အခန်းကဏ္ဍများကို ဖန်တီးနိုင်ခြင်း။

၎င်းဗျူဟာများကို အကောင်အထည်ဖော်ခြင်းဖြင့် အလုပ်သမားဈေးကွက်အပေါ် AI ၏ အလားအလာရှိသော ဆိုးကျိုးသက်ရောက်မှုများ ကြီးထွားမှု၊ ဆန်းသစ်တီထွင်မှုနှင့် ပိုမိုကောင်းမွန်သော အလုပ်ခွင်အခြေအနေများအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**AI ကို လက်ခံကျင့်သုံးနေကြပြီ**

AI အပေါ် ကန့်ကွက်သူများသည် AI သည် အလုပ်အကိုင်သန်းပေါင်းများစွာကို ယူဆောင်သွားပြီး လူများကို လမ်းပေါ်ရောက်စေမည်ဟု ကောက်ချက်ချထားပုံရသော်လည်း၊ ပြောင်းလဲမှုကို လက်ခံရန် အသင့်ရှိသူများကမူ AI သည် အစားထိုးသည့်အလုပ်ထက် အလုပ်အကိုင်အသစ်အမျိုးအစားများစွာကို ဖန်တီးနိုင်စွမ်းရှိသည်ဟု ဆိုကြပါသည်။ လက်ရှိလူမှုပတ်ဝန်းကျင်တွင် AI သည် ကျွန်ုပ်တို့ နေ့စဉ်ဘဝ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာသည်ကို လက်ခံလာကြပြီဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူသား ၁ ဒသမ ၈ ဘီလီယံသည် AI ကို အသုံးပြုနေကြပြီး လူသန်းပေါင်း ၅၀၀ မှ ၆၀၀ သည် AI ကို နေ့စဉ်သုံးစွဲလျက်ရှိသည်။ AI ကို အဓိကအားဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများဆုံးအသုံးပြုကြပြီး အိန္ဒိယနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့သည် AI ကို စီးပွားရေးလုပ်ငန်းများတွင် ၉၂ ရာခိုင်နှုန်းခန့် အသုံးပြုကြသည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း Chatbot များနှင့် အလိုအလျောက်ဈေးကွက် ရှာဖွေရေးအတွက် AI ကို အသုံးပြုခြင်း၊ AI Application များကို အသုံးပြု၍ ရောဂါရှာဖွေခြင်း၊ AI Tools များ အသုံးပြု၍ ဘာသာစကားများသင်ယူခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းနှင့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ခန့်မှန်းရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် AI ကို အသုံးပြုခြင်း စသည်ဖြင့် အသုံးပြုလာကြပြီဖြစ်ပါသည်။

ထို့ပြင် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် AI နည်းပညာဆိုင်ရာသင်တန်းများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အခမဲ့သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသကဲ့သို့ အစိုးရနည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံနှင့် Polytechnic ကျောင်းများမှာလည်း AI နည်းပညာဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပြီး ပြင်ပပုဂ္ဂလိကပညာရှင်များကလည်း AI သင်တန်းများကို သင့်တော်သော အခကြေးငွေဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

**မဟာဗျူဟာနှင့် မူဝါဒရေးဆွဲဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံတွင် အမျိုးသားဉာဏ်ရည်တုနည်းပညာအခြေပြုစီမံကိန်းများ ရေးဆွဲပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်း/ ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းများအား ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် “အမျိုးသားဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ”ကို ဖွဲ့စည်း၍ ဉာဏ်ရည်တုနည်းပညာ(AI)ကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကျိုးရှိစွာအသုံးချနိုင်ရေး နိုင်ငံသားများလိုက်နာရမည့် ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကို လွှမ်းခြုံသိရှိစေရန်၊ ဒေသတွင်းဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး နိုင်ငံတကာနှင့် ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒ(National AI Strategy & National AI Policy)ကို ရေးဆွဲလျက်ရှိပါသည်။

**အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြပါစို့**

ဉာဏ်ရည်တုနည်းပညာ (AI) သည် ကျွန်ုပ်တို့အတွက် ရွေးချယ်စရာ နည်းပညာတစ်ခု မဟုတ်တော့ဘဲ လက်တွေ့ဘဝသို့ ရောက်ရှိနေပြီဖြစ်ကာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို တစ်ပြိုင်နက်တည်း ယူဆောင်လာသော အင်အားစုကြီးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း AI ၏ တိုးတက်ပြောင်းလဲမှုကို နားလည်သဘောပေါက်ပြီး စနစ်တကျချဉ်းကပ်ကာ လိုက်ပါဆောင်ရွက်နိုင်ပါက အနာဂတ်လုပ်သားဈေးကွက်သည် ပိုမိုထိရောက် ဖန်တီးနိုင်စွမ်းရှိ၍ လူသားဆန်သော လုပ်ငန်းခွင်များ ဖြစ်ထွန်းလာစေရန် ဦးတည်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် **“AI သည် လူသားကို အစားထိုးရန်မဟုတ်၊ လူသား၏ စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ပေးမည့် အင်အားကြီးကိရိယာတစ်ခုသာဖြစ်ခြင်းကြောင့် AI ၏ လှိုင်းတံပိုးကို အသုံးချကာ အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးရှိစွာ အသုံးချကြပါစို့**”ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

**ကိုးကား**


၁။ Artificial Intelligence Impact on Labour Market, Lecture Review, Economic Development Partners

၂။ Nexford Team, How Artificial Intelligence Will Change the World

၃။ The Impact of AI on the Job Market and Employment Opportunities

၄။ How many People use AI? (Latest Version 2025) by Anthory Cardillo (Content Writer)

# ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင် ဖွံ့ဖြိုးတိုးတက်လာခြင်း(၅)

**နီဇော်သစ်**

ရှေ့နှစ်ပိုင်းတွင်ဖော်ပြခဲ့သော အဲလက်ဇ်နက် (AlexNet) နှင့် အယ်လ်ဖာဂိုး (AlphaGo)တို့သည် လက်ရှိ ဉာဏ်ရည်တုနည်းပညာဟုဆိုနိုင်သော အေအိုင်အတွက် တစ်ဆစ်ချိုး အပြောင်းအလဲများ ဖြစ်သည်။ အဲလက်ဇ်နက်က စက်၏အမြင်ကို တိုးတက်စေသည်။ အယ်လ်ဖာဂိုးနှင့် နောက်တစ်ဆင့် အယ်လ်ဖာဇီးရိုးတို့က စည်းမျဉ်းကို အခြေမခံဘဲ အတွေ့အကြုံမှ လေ့လာသင်ယူမှုကို ဖြစ်စေသည်။ အတွေ့အကြုံမှ လေ့လာသင်ယူခြင်းသည် တွေးသည့်လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိလာခြင်း မဟုတ်ပါလား။

အယ်လ်ဖာဂိုးသည် လွန်ခဲ့သည့် ၁၀ နှစ်ဝန်းကျင်က ပေါ်ထွက်လာခဲ့ခြင်းဖြစ်ရာ လက်ရှိ ဉာဏ်ရည်တုနည်းပညာသည် ၁၀ နှစ်သားအရွယ် ပင်မရောက်သေးဟု ဆိုနိုင်သည်။ သို့သော် ထိုကာလအတွင်း တိုးတက်ပြောင်းလဲမှုအတော်များများရှိခဲ့သည်။ အယ်လ်ဖာဂိုးသည် နက်ရှိုင်းသော နျူရယ်ကွန်ရက် (Deep Neural Network)၊ အားဖြည့်သင်ယူမှု (Reinforcement Learning) နှင့် ကိုယ်တိုင်ကစားခြင်း (Self Play)တို့အပေါ်တွင် အခြေခံထားသည်။ အယ်လ်ဖာဂိုးသုတေသီတို့သည် “ဉာဏ်ရည်တစ်ခုဖြစ်လာအောင် ငါတို့ ဘယ်လိုပရိုဂရမ်ရေးမလဲ”ဟု မတွေးကြတော့။ “စနစ်တွေကို ဉာဏ်ရည်တစ်ခုဖြစ်လာအောင် သင်ယူဖို့ ငါတို့ဘယ်လို ခွင့်ပြုပေးမလဲ”ဟု တွေးလာကြသည်။ ထိုအတွေးသည် လက်ရှိ ဉာဏ်ရည်တုနည်းပညာ၏ အခြေခံအုတ်မြစ်ဖြစ်သည်။

အဓိက သော့ချက်စိတ်ကူးမှာ ‘ရလဒ်ကမောင်းနှင်သောသင်ယူမှုသည် လူသားတို့ကဂရုတစိုက် မွမ်းမံပေးထားသော အစီအမံများထက် သာလွန်သည်’ဆိုသည့်အချက်ဖြစ်သည်။ အယ်လ်ဖာဂိုးမှစတင်ခဲ့သော ထိုနည်းလမ်းဖြင့် သင်ယူမှုသည် တစ်နေရာတည်းမှာပင် အောင်မြင်ခဲ့သည်မဟုတ်။ နယ်ပယ်အနှံ့သို့ ပျံ့နှံ့ခဲ့သည်။ လူငယ်များနှင့် အနီးစပ်ဆုံး ဥပမာကိုပေးရလျှင် Dota 2 ဂိမ်းဖြစ်သည်။ Dota 2 သည် Dota တုန်းက မလုပ်နိုင်ခဲ့သည့်အရာအတော်များများ လုပ်နိုင်လာသည်ကို ကစားဖူးသူတိုင်း သိကြပါလိမ့်မည်။ အထူးသဖြင့် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှု၊ သီးခြားသတင်းအချက်အလက်များနှင့် တစ်ဦးချင်း ရှေ့ဆက်ကစားနိုင်သည့် အပိုင်းများတွင်ဖြစ်သည်။




အဖွဲ့လိုက်ပူးပေါင်းကစားရာတွင် အနှောင်အဖွဲ့နည်းသွားသည်။ လွတ်လွတ်လပ်လပ် လှုပ်ရှားလာနိုင်ကြသည်။ မိနစ် ၂၀ မှ မိနစ် ၄၀ လောက်အထိ ရေရှည်မဟာဗျူဟာများ ချမှတ်လာနိုင်သည်။

ထိုသဘောတရားသည် စက်ရုပ်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်လာစေသည်။ ယခင်က စက်ရုပ်များ၏ လှုပ်ရှားမှုတို့သည် လူသားတို့က ကြိုတင်သတ်မှတ်ပေးထားသော အစီအမံအတိုင်း လှုပ်ရှားခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်လည်း စတက်ပါမော်တာများ၊ ဆာဗိုမော်တာများ၊ ဘရက်ရှ်လက်စ်မော်တာများနှင့် စက်ရုပ်လက်အမျိုးမျိုး စမ်းလုပ်ဖူးခြင်းကြောင့် ထိုအကြောင်းကိုတော့ မတောက်တခေါက် သိထားသည်။ ယခင်စက်ရုပ်တို့သည် လူကခိုင်းသည့်အတိုင်းသာ လုပ်နိုင်သည်။ ထိုဘောင်ကိုကျော်၍မလုပ်နိုင်။ ကိုယ်တိုင်သင်ယူခြင်း အလွန်နည်းသည်။ အထူးသဖြင့် လက်လောက်သာမဟုတ်ဘဲ တစ်ကိုယ်လုံးလှုပ်ရှားမှုမျိုးပါလျှင် စက်ရုပ်ကိုယ်တိုင် ထိန်းချုပ်ခွင့်ပေးလိုက်ပါက ရှုပ်ထွေးပြီး ရပ်တန့်သွားမည်၊ သို့မဟုတ် ဖြစ်ချင်ရာ ဖြစ်သွားနိုင်သည်။ အယ်လ်ဖာဂိုးက သင်ပေးလိုက်သည့်နည်းလမ်းအရ ယခုစက်ရုပ်တို့သည် လှုပ်ရှားမှုတစ်ခုကို ပရိုဂရမ်ဖြင့်ရေးပြီး ထည့်သွင်းပေးထားခြင်းမျိုးမဟုတ်တော့။ အကြိမ်ပေါင်း သန်းနှင့်ချီ၍ သင်ယူမှုလုပ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လှုပ်ရှားခြင်းမျိုးဖြစ်လာသည်။ ထို့ကြောင့် အမျိုးမျိုးသော လှုပ်ရှားမှုတို့ကို မတွေဝေဘဲ လုပ်နိုင်လာသည်။

အကောင်းဆုံးဥပမာမှာ ဘော့စတွန်ဒိုင်းနမစ်မှ စက်ရုပ်များဖြစ်သည်။ ဂူဂဲလ်တွင် Boston Dynamics ဟုရိုက်ရှာပြီး သူတို့ကုမ္ပဏီ၏ စက်ရုပ်များ ဘယ်လို လှုပ်ရှားသလဲဆိုသည်ကိုကြည့်လျှင် ကျွန်တော်ပြောပြသည်ထက် ပိုပြီးမြင်နိုင်ပါလိမ့်မည်။ ကျွန်တော်တို့ တစ်ချိန်ကစိတ်ကူးသာရှိခဲ့ပြီး ဘယ်လိုလုပ်ရမှန်းမသိသည့် လှုပ်ရှားမှုများကို သူတို့စက်ရုပ်များက လုပ်ပြနေပြီဖြစ်သည်။ ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်ခြင်း၊ ထိုင်ထလုပ်ခြင်း၊ မညီညာသောမြေပြင်တွင် ဟန်ချက်ထိန်းခြင်းတို့သာမက မညီညာသောမြေပြင်တွင် ပြေးခြင်း၊ လေဝဲကျွမ်းပစ်ခြင်းတို့ကိုပါ အံ့ဖွယ်လုပ်နိုင်လာသည်ကို တွေ့ရသည်။ ထိုအရာတို့မှာ သာမန်အားဖြင့်ကြည့်လျှင် မထူးဆန်းသလို ခံစားရလိမ့်မည်။ သို့သော် တကယ်တမ်း ထိုလောကနှင့် အနည်းငယ်မျှ အကျွမ်းတဝင်ရှိလျှင်ပင် အံ့မခန်းလုပ်ဆောင်ချက်များဆိုသည်ကို ခံစားမိပါလိမ့်မည်။

အချုပ်အားဖြင့် ပြောရလျှင် အယ်လ်ဖာဂိုးမတိုင်ခင်နှင့် အယ်လ်ဖာဂိုးနောက်ပိုင်း အပြောင်းအလဲ လေးရပ်ရှိသည်ဟု ဆိုနိုင်သည်။ တစ်ချက်မှာ လူသားတို့၏ စည်းမျဉ်းသတ်မှတ်ချက်များမှ လေ့လာသင်ယူမှု မူဝါဒများအဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။ စက်တို့ကို ဘာဖြစ်ရင်ဘာလုပ်ဟု စည်းမျဉ်းမချပေးတော့ဘဲ ရလဒ်ကိုသာ ချပြပြီး ထိုရလဒ်ရလာသည်အထိ စက်ကို အကြိမ်ပေါင်းများစွာ ကိုယ်တိုင်လေ့လာသင်ယူစေခြင်းဖြစ်သည်။ ထိုအကြောင်းကိုရှေ့တွင် အတော်များများ ပြောထားပြီးဖြစ်ရာ ထပ်မပြောတော့ပါ။

နောက်တစ်ခုမှာ “အခုအကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်မလဲ”ဆိုသည့်နေရာတွင် “အကောင်းဆုံး နောက်ဆုံးရလဒ်ထွက်လာဖို့ ဘယ်လိုလုပ်တာက ပိုကောင်းမလဲ”ဆိုသည်က အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။ ဥပမာ တောင်ဆင်းခရီးတစ်ခုတွင် လက်ရှိအနေအထားအရ အနိမ့်ဆုံးနေရာသို့ အရင်ရောက်အောင် မတ်စောက်သောနေရာမှ ဆင်းမည်လား၊ နောက်ဆုံးရည်မှန်းချက် တောင်ခြေရောက်အောင် တောင်ကြောအတိုင်းပတ်၍ ဆင်းမည်လားဟု ဆုံးဖြတ်ခြင်းမျိုးဖြစ်သည်။ ပထမတစ်မျိုးကို နည်းပညာအခေါ်အဝေါ်အားဖြင့် Local Optimization ဟု ခေါ်သည်။ အေအိုင်အခေါ်အဝေါ်အရ ကာလတိုရလဒ်ကို ကြည့်ခြင်းဟု ခေါ်သည်။ ဒုတိယအမျိုးအစားကို Long Term Planning ဟုခေါ်သည်။ လက်ရှိအေအိုင်နည်းပညာတွင် အများဆုံး သုံးထားသောနည်းပညာဖြစ်သည်။ ဤနေရာတွင်လည်း ‘ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်’ ဆိုသည်မျိုးမဟုတ်တော့ဘဲ ရေရှည်ကိုကြည့်၍ လှုပ်ရှားခြင်းအားဖြင့် အတွေးနည်းနည်းပါလာပြီဟု ဆိုနိုင်သည်။

နောက်ဆုံးအချက်မှာ အင်မတန်စိတ်ဝင်စားဖို့ကောင်းသည့် အပြောင်းအလဲဖြစ်သည်။ ယင်းမှာ စက်တို့ကို အသိဉာဏ်ထည့်သွင်းပေးဖို့ လမ်းကြောင်းပေါ်လာခြင်းပင်။ ယနေ့အချိန်အထိ အေအိုင်တို့ကို ဉာဏ်ရည်တုဟုခေါ်သည်မှာ အသိဉာဏ် (wisdom) ကို ထည့်သွင်းပေးနိုင်ခြင်းမဟုတ်ဘဲ ဉာဏ်ရည် (intelligence) ကိုသာ ထည့်သွင်းပေးနိုင်ခြင်းဖြစ်သည်။ အယ်လ်ဖာဂိုးနောက်ပိုင်း တိုးတက်မှုများတွင် သိပ္ပံပညာရှင်များအတွက် မျှော်လင့်ချက်ရောင်ခြည်တစ်ခုသန်းလာသည်။ ယင်းမှာ စက်ကို အသိဉာဏ်ထည့်ပေးဖို့၊ တစ်နည်းအားဖြင့် အသိဉာဏ်တုနည်းပညာကို ဖော်ဆောင်ဖို့။ ယင်းကို အေအိုင်အခေါ်အားဖြင့် အေဂျီအိုင်ဟု ခေါ်ကြသည်။ အထွေထွေဉာဏ်ရည်တု သို့မဟုတ် Artificial General Intelligence။ အထွေထွေဆိုသည်မှာ အကုန်တွေးနိုင်သည်ဟု အဓိပ္ပာယ်ရသည်။ လက်ရှိအေအိုင်နည်းပညာများသည် သီးခြားလမ်းခွဲများဖြင့် ရှေ့ဆောင်လမ်းပြ အလုပ်လုပ်သည်။ ဥပမာ အေအိုင်ပုံများအတွက်ဆိုလျှင် ကန်ဗာတို့၊ ဖိုင်းယားဖလိုင်းတို့၊ ဒါးလ်-အီးတို့လို အေအိုင်များ၊ အေအိုင်ဗီဒီယိုများအတွက်ဆိုလျှင် ရမ်းဝေး၊ ဂူဂဲလ် ဗီယို၊ ဆိုရာတို့လို အေအိုင်များ၊ အပြန်အလှန်စကားပြောပြီး လိုအပ်သည်တို့ကို လုပ်ခိုင်းဖို့၊ အကြံဉာဏ်တောင်းဖို့ဆိုလျှင် ချတ်ဂျီပီတီတို့၊ ဒီဆိခ်တို့လို အေအိုင်များဖြစ်သည်။ အလားတူ အခြားနယ်ပယ်အလိုက် ရှေ့ဆောင်ဦးရွက် အေအိုင်များစွာရှိသေးသည်။ အေဂျီအိုင်မှာ အတွေ့အကြုံမှ လေ့လာသင်ယူပြီး အရာရာတိုင်းကို သိနားလည်သည့်စက်တစ်မျိုးကို ရည်ရွယ်သည်။ ကျွန်တော်တို့မသေခင် ပေါ်လာနိုင်မလားဆိုသည်ကိုတော့ မသိနိုင်သေးပါ။ စာရေးဆရာ ရေးကာ့ဇ်ဝီးလ်တို့၊ ဗာနာဗင်းတို့ပြောသလို ‘အမှတ်ထူးမှာ မဝေးလှတော့ပြီ’ဆိုသည့်အတိုင်းမှန်လျှင် ကျွန်တော်တို့ မကြာခင် တွေ့ရပါတော့မည်။

## အန္တာတိကဒေသတွင် လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံမှ နည်းပညာမြင့်ယာဉ်ထုတ်လုပ်

**ပေကျင်း ဖေဖော်ဝါရီ ၁၅**

အန္တာတိကဒေသတွင် လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံမှထုတ်လုပ်သည့် နည်းပညာမြင့် နှင်းထုတွင်းသွားလာနိုင်သည့် ယာဉ်တစ်မျိုးကို စမ်းသပ်မောင်းနှင်ပြသခဲ့ကြောင်း သိရသည်။

တရုတ်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ၎င်းယာဉ်သည် အန္တာတိကဒေသတွင်း ခရီးအကွာအဝေးကီလိုမီတာတစ်သောင်းကို အောင်မြင်စွာမောင်းနှင်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏ အန္တာတိကဒေသလေ့လာရေးအဖွဲ့ကပြောကြားသည်။

ယမန်နှစ် ဒီဇင်ဘာလမှ ယခုနှစ်ဖေဖော်ဝါရီလအထိ ကာလအတွင်း တရုတ်နိုင်ငံ၏ ဇောင်ရှန်းသုတေသနစခန်းနှင့် အန္တာတိကဒေသရှိ ဆီးနှင်းများဖုံးလွှမ်းရာဒေသများကြား စမ်းသပ်မောင်းနှင်မှုများ ဆောင်ရွက်ခဲ့သည်။ ယခုကဲ့သို့ နှင်းထုတွင်းသွားလာနိုင်သည့် မော်တော်ယာဉ်အားအောင်မြင်စွာ တီထွင်နိုင်ခဲ့ခြင်းဖြင့် အန္တာတိကဒေသအတွင်း သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်သားများအား လိုအပ်သည့်နေရာသို့ပြောင်းရွှေ့နိုင်ခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Snow Leopard ဟု အမည်ရသည့် ၎င်းယာဉ်သည် နှင်းများထူထပ်စွာ ကျဆင်းသည့်နေရာများတွင် တစ်နာရီလျှင် ၄၂ ကီလိုမီတာအထိသွားလာနိုင်ပြီး နှင်းအစိုင်အခဲများရှိသည့်နေရာတွင် တစ်နာရီလျှင် ၆၅ ကီလိုမီတာအထိ သွားလာနိုင်ကြောင်း သိရသည်။

ရာသီဥတုဆိုးရွားသည့်အချိန်တွင် အတားအဆီးများကို ကျော်လွှားနိုင်ရန်အတွက် ၎င်းယာဉ်၏ စွမ်းအင်ပေးသည့်စနစ်နှင့် တာယာစနစ်များတွင် အဆင့်မြင့်နည်းပညာများကို အသုံးပြုထားကြောင်း



သိရသည်။ ၎င်းယာဉ်အား ၁၂ နာရီကြာ အသုံးပြုနိုင်ပြီး နှင်းများထူထပ်စွာ ကျဆင်းပြီး မြင်ကွင်းမြင်နိုင်စွမ်းနည်းပါးသည့်အချိန်တွင် ပစ္စည်းကိရိယာများ သယ်ပို့ရန် အသုံးပြုနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သည့် ယိုဇူက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဂိုး ၅၀၀ ပြည့်ခဲ့တဲ့ ပထမဆုံးအင်္ဂလန်ကစားသမား တိုက်စစ်မှူး ဟယ်ရီကိန်း

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတစ်လျှောက် သွင်းဂိုးစုစုပေါင်း ၅၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ဖေဖော်ဝါရီ ၁၄ ရက်ညပိုင်းက ဝါဒါဘရီမင်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်မှာ သွင်းဂိုး နှစ်ဂိုး သွင်းယူပေးခဲ့ပြီးနောက် ဂိုး ၅၀၀ ပြည့်ခဲ့တာ ဖြစ်ပါတယ်။

ဝါဒါဘရီမင်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်မှာတော့ ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းအနေနဲ့ အခုလို သွင်းဂိုး ၅၀၀ ပြည့်ခဲ့ခြင်းဟာ အင်္ဂလန်ကစားသမားတွေထဲမှာ ဂိုး ၅၀၀ ပြည့်တဲ့ ပထမဆုံးကစားသမားလည်း ဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကတည်းက ဂျင်မီဂရေဗက်စ်ရဲ့ သွင်းဂိုး ၄၇၄ ဂိုးကို ကျော်လွန်ခဲ့တာကြောင့် အင်္ဂလန်ကစားသမားတွေထဲမှာ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။



တိုက်စစ်မှူးဟယ်ရီကိန်းရဲ့ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ပထမဆုံးသွင်းယူနိုင်ခဲ့တဲ့သွင်းဂိုးကတော့ လွန်ခဲ့တဲ့ ၁၅ နှစ်က လေတန်အောရီးရန့်အသင်းနဲ့ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်းတို့ပွဲစဉ်မှာ အသက် ၁၇ နှစ်အရွယ်နဲ့ လေတန်အောရီးရန့်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ ကစားသမားဘဝတစ်လျှောက်မှာ လေတန်အောရီးရန့်အသင်းနဲ့အတူ ငါးဂိုး၊ လက်စတာစီးတီးအသင်းနဲ့အတူ နှစ်ဂိုး၊ မီဝေါလ်အသင်းနဲ့အတူ ကိုးဂိုး၊ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၇၈ ဂိုး၊ စပါးအသင်းနဲ့အတူ သွင်းဂိုး ၂၈၀ နဲ့ လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ သွင်းဂိုး ၁၂၆ ဂိုး သွင်းယူထားတာလည်း ဖြစ်ပါတယ်။

ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်လျှောက် တိုက်စစ်မှူး ဟယ်ရီကိန်း စံချိန်တင်သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုး ၅၀၀ မှာ တစ်ဝက်က ပရီမီယာလိဂ်မှာ ပါဝင်ကစားခဲ့စဉ်က သွင်းဂိုးတွေဖြစ်ပြီး ပရီမီယာလိဂ်ကစားသမားဘဝမှာ သွင်းဂိုး ၂၁၃ ဂိုးသွင်းယူခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ ဘိုင်ယန်မြူးနစ်ကစားသမားဘဝမှာ ပြိုင်ပွဲစုံသွင်းဂိုး ၁၂၆ ဂိုးအထိရှိခဲ့ရာမှာ ဂျာမန်ဘွန်ဒက်လီဂါသွင်းဂိုးက ၈၉ ဂိုး ရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ လက်ရှိအချိန်မှာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ သွင်းဂိုး ၅၀၀ ပြည့်ခဲ့ပြီဖြစ်တာကြောင့် အင်္ဂလန်ကစားသမားတွေထဲက သွင်းဂိုး ၄၁၂ ဂိုးသွင်းယူခဲ့တဲ့ စတိဗ်ဘလွန်မာနဲ့ ၄၀၉ ဂိုးသွင်းယူခဲ့တဲ့ အလန်ရှီးယားတို့ဟာ ဟယ်ရီကိန်းနဲ့ ဂရေဗက်စ်တို့ရဲ့နောက်မှာ အဆင့်(၃)နဲ့ အဆင့် (၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းလက်ရှိတင်ရှိထားတဲ့ ကစားသမားဘဝ သမိုင်းတစ်လျှောက် သွင်းဂိုးစုစုပေါင်း ၅၀၀ ထဲမှာ အလွတ်တည်ကန်ဘောကနေ နှစ်ဂိုး၊ ဂိုးဧရိယာအတွင်းကနေ ၃၄၉ ဂိုးနဲ့ ဂိုးဧရိယာအပြင်ဘက်ကနေ ၄၉ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းဟာ သူ့ရဲ့ကစားသမားဘဝမှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၇၄၃ ပွဲမှာ သွင်းဂိုး ၅၀၀ ပြည့်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုက သူ့ရဲ့ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပွဲစဉ် ၇၅၃ ပွဲမှာ သွင်းဂိုး ၅၀၀ ပြည့်ခဲ့တာဖြစ်လို့ ဟယ်ရီကိန်းဟာ စီရိုနယ်လ်ဒို ထက်တောင် ကစားတဲ့ပွဲစဉ်နည်းကာ ဂိုး ၅၀၀ ပြည့်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူးဟယ်ရီကိန်းအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာပြီးနောက် ဆုဖလားရရှိမှုအပါအဝင် ဂိုးသွင်းစံချိန်သစ်တွေပါ တင်နိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းကလည်း ဝါဒါဘရီမင်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါပွဲစဉ် ၂၂ ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ခြောက်မှတ်ဖြတ် ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဂျူဗင်တပ်အသင်းကို အနိုင်ရပြီး အင်တာမီလန်အသင်း စီးရီးအေးဇယားထိပ်၌ ရှစ်မှတ်ဖြတ်ဦးဆောင်

အင်တာမီလန်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ဖေဖော်ဝါရီ ၁၅ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ အင်တာမီလန်အသင်းက ဂျူဗင်တပ်အသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းက ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ဂျူဗင်တပ်ကစားသမား ဂမ်ဘီယာဆိုရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၂၆ မိနစ်မှာ ဂမ်ဘီယာဆိုကပဲ ဂျူဗင်တပ်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ အနိုင်ဂိုးရရှိအောင်စွမ်းဆောင်ရင်း ပထမပိုင်းပွဲကစားချိန် ၄၂ မိနစ်မှာ ကာလူလူ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရလို့ ကစားသမား တစ်ယောက်လျော့နဲ့ ကစားခဲ့ရပါတယ်။

အဲဒီနောက် အင်တာမီလန်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၇၆ မိနစ်မှာ အက်ပို ဆီတိုက တစ်ဂိုး၊ မိနစ် ၉၀ မှာ ဇီလင်စကီက တစ်ဂိုး သွင်းယူပေးခဲ့ကာ ဂျူဗင်တပ်အသင်းက ပွဲကစားချိန် ၈၃ မိနစ်မှာ လိုကာတယ်လီရဲ့ချေပဂိုး တစ်ဂိုးသာ ထပ်မံရရှိခဲ့လို့ အင်တာမီလန်အသင်းက သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ဂျူဗင်တပ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက အေစီမီလန်အသင်းကို ရှစ်မှတ်ဖြတ်ကာ အီတလီစီးရီးအေအမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းကတော့ အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အီတလီစီးရီးအေ အမှတ်ပေးဇယားအဆင့်(၄)နေရာ တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီး အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။



- ❍ **လီဗာပူးအသင်းဟာ နယူးကာဆယ်တောင်ပံကစားသမား အန်တိုနီဂေါ်ဒွန်အား စာချုပ် ချုပ်ဆိုခေါ်ယူရန် မန်စီးတီးအသင်း၊ အာဆင်နယ်အသင်းတို့နှင့်အပြိုင် ကြိုးပမ်းလျက် ရှိပါတယ်။**
- ❍ **အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ လိုက်ပ်ဇစ်အသင်းမှ ပြင်သစ် ဗဟိုခံစစ်ကစားသမား လူကီဘာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။**
- ❍ **မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ဟာ ဘရန့်ဖို့ဒ်အသင်းမှ ဘရာဇီးလ်တိုက်စစ်မှူး တီယာဂိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။**



## လီဗာပူးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ နိုင်ပွဲကိုယ်စီရပြီး အက်ဖ်အေဖလားပဥ္စမအဆင့်တက်လှမ်း

ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်တွေထဲမှာ လီဗာပူးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရပြီး ပဥ္စမအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

လီဗာပူးအသင်းဟာ ဘရိုက်တန်အသင်းကို အိမ်ကွင်း အန်ဖီးလ်မှာ ဧည့်ခံကစားခဲ့ရကာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၄၂ မိနစ်မှာ ကာတစ်ဂျုံးစ်က တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်မှာ ဗိုဘိုဆလိုင်းက တစ်ဂိုးနဲ့ ၆၈ မိနစ်မှာ မိုဟာမက်ဆာလာက ပင်နယ်တီကနေတစ်ဆင့် တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၄ မိနစ်မှာ အေဘရာဟာမ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် နယူးကာဆယ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်နဲ့ ၇၆ မိနစ်တို့မှာ တိုနာလီက နှစ်ဂိုး၊ ၈၈ မိနစ်မှာ ဝိုတီမာဒီက တစ်ဂိုးသွင်းယူပေးခဲ့လို့ နယူးကာဆယ်အသင်းနိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းကတော့ ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ဘီဇော့ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာ ဖြစ်ပါတယ်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်တင်(ခရမ်း)

## အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ ခြံအမှတ်(၃)နေ (ဦးပွ-ဒေါ်လှနွယ်)တို့၏ သမီး၊ (ဦးစံဦး)၏ ဇနီး၊ (ဒေါ်ကျင်ဌေး)၊ ဦးမင်းသူ- ဒေါ်သန်းသန်းမြင့်၊ ဦးသက်ထွန်း-ဒေါ်မြင့်မြင့်ဆွေ၊ ဦးကျော်သောင်း-ဒေါ်ညွန့်သိန်း၊ (ဦးသန်းဝင်း)-ဒေါ်ဝင်းသန်း၊ ဒေါ်ခင်စန်းတင့်၊ ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး(၁၄)ယောက်၊ မြစ်(၁၁)ယောက်တို့၏ အဘွားသည် (၁၅-၂-၂၀၂၆)ရက် တနင်္ဂနွေနေ့ ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၇-၂-၂၀၂၆)ရက် အင်္ဂါနေ့ နံနက် ၉:၀၀ နာရီအချိန်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှရွှေ(ခ)ဒေါ်လှလှနိုင်

## အသက်(၈၃)နှစ်

အမှတ်(၆၀)၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ( ဦးကိုကိုကြီး-ဒေါ်စန်းရင်)တို့၏ သမီးငယ်၊ (ဒေါ်ရီရီမေ)၊ (ဒေါ်မြမြအေး-ဦးကိုကိုမင်း)၊ (ဦးမောင်မောင်ကြီး-ဒေါ်ကျင်ထွေး)၊ (ဒေါ်မိမိသွယ်)၊ (ဒေါ်အေးအေးသန်း-ဦးတင်မောင်ချစ်)တို့၏ ညီမ၊ (ဦးမောင်မောင်စိန်)-ဒေါ်တင်မော်သိန်း၊ ဦးထွေးလွင်-ဒေါ်နီနီဝင်း တို့၏ အစ်မ၊ (ဒေါက်တာဦးတင်ဝင်း) ၏ ချစ်လှစွာသော ဇနီး၊ ဦးဇော်နိုင်ဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေး)-ဒေါ်မေမျိုးအေး၊ ဦးရဲနိုင်ဝင်း၊ ဦးလင်းနိုင်ဝင်း-ဒေါ်ကြူကြူသင်း၊ မယွန်းတို့၏ ကျေးဇူးရှင်မိခင်၊ မစုဇင်အေးဝင်း၊ မခိုင်ဇင်သင်း၊ မခင်သက်နှင်းတို့၏ အဘွားဖြစ်သူ ဒေါ်လှလှရွှေ(ခ)ဒေါ်လှလှနိုင်သည် ၁၅-၂-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၈:၅၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၂-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၂-၂၀၂၆ (စနေနေ့) နံနက် ၉ နာရီတွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၁၃၈၆)၊ မြေအကျယ်အဝန်း(၄၀ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်တင်ဝင်း(K/RGN-၀၂၅၅၁၅) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဒေါ်ခင်ဝါဝါ[၁၂/ဥကမ(နိုင်)၁၆၄၈၀၅]သည် “နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်”များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၃)၊ ဆင်ခေါင်းလေးကျေးရွာအုပ်စု၊ မနောကမ္ဘာဗီလာ၊ ကွင်းအမှတ်(၇၉၈)၊ ဦးပိုင်အမှတ်(၆၆/၂)ဟု ခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဟန်စုထက်[၁၂/လမန(နိုင်)၁၄၀၇၁၂]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအာကာဟိန်း[၁၂/ရပသ(နိုင်)၀၃၈၆၇၉]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအာကာဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဖြူဝေဝေအောင်(LL.B)** | **ဒေါ်သိမ့်သန္တာအောင်(LL.B)** | **ဒေါ်ယမင်းဖြူဖြူသိန်း(LL.B (Q))** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၈၂၅၀)** | **(စဉ်-၄၈၂၂၉)** | **(စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ တိုက်အမှတ်(၁၄၆/၁၄၇)ပေါ်တွင် ဆောက်လုပ်ထားသော(၄)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ပထမထပ်၊ (၂-လွှာ) အခန်းအမှတ်(၁၀၄)၊ အကျယ်အဝန်း(၆၂၅)စတုရန်းပေရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံတိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် ဒေါ်ခင်ခင်စု၊ ဦးဇာဏီဟိန်းအမည်ဖြင့် မှတ်သားတည်ရှိ၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ကွယ်လွန်သူ ဒေါ်ခင်ခင်စု၏ သားဖြစ်ပြီး အမည်ပေါက်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးဇာဏီဟိန်း[၁၂/ဥကတ(နိုင်)၁၈၆၄၇၃]၏ ကိုယ်စားဒေါ်မေသန်းစိုး[၁၂/ဥကတ(နိုင်)၀၄၆၃၈၇]အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးဆည်းဆာလွင်[၁၂/ကမရ(နိုင်)၀၅၉၃၄၇]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

## ဦးတင်လှိုင်အုန်း

### ဗိုလ်ကြီး(ငြိမ်း)၊ တော‌ဇ(၁)

## အသက်(၇၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ (ဦးအုန်းမောင်-ဒေါ်တင်တင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်နေ (ဗိုလ်မှူးဘုန်းမြင့်-ငြိမ်း)-ဒေါ်ကြည်ကြည်မြင့် တို့၏ သားသမက်၊ (ဦးကြည်မြင့်-ဒေါ်ညွန့်ညွန့်)၊ (ဦးတင်အောင်ဟန်)-ဒေါ်ခင်ခင်ဝင်း၊ ဦးသိန်းစိုး(ဒု-ရဲမှူးကြီး၊ ငြိမ်း)-ဒေါ်သင်းသင်းအေး၊ ဦးစိန်ဝင်း-ဒေါ်ဆွေဆွေဝင်း တို့၏ မောင်၊ ဦးမြင့်ကြိုင်စိုး-ဒေါ်ဝေဝေသန်း တို့အစ်ကို၊ ကိုပြည့်အောင်လှိုင်-မအေးမြသင်း၊ ကိုဖွဲ့ဘုန်းမြင့် တို့၏ ဖခင်၊ မခြူးမြတ်ကြယ်စင် ၏ အဘိုး၊ ဒေါ်ချိုချိုမြင့်(MD,Great Silver Land Co.,Ltd) ၏ ခင်ပွန်း ဦးတင်လှိုင်အုန်း(ဗိုလ်ကြီး-ငြိမ်း၊ တော‌ဇ-၁) အသက်(၇၃)နှစ်သည် ၁၅-၂-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၇-၂-၂၀၂၆ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၆(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးတင်လှိုင်အုန်း(ငြိမ်း)

### ကြည်-၁၂၉၂၈၊ တော‌ဇ(၁)

## အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဒေါ်ချိုချိုမြင့်၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ သူငယ်ချင်း ဗိုလ်ကြီးတင်လှိုင်အုန်း(ငြိမ်း) ကိုဒေါင်ကြီးသည် ၁၅-၂-၂၀၂၆ရက်နေ့ နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တော‌ဇ(၁)သူငယ်ချင်းများနှင့်မိသားစုများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

# ဦးစိုင်းနီမျိုးသက်

## အသက်(၅၆)နှစ်

တောင်ကြီးမြို့၊ ရွှေတောင်ကြားအိမ်ရာ၊ ရှမ်းကွင်း၊ (A)လမ်း၊ တိုက်(၁၂)၊ အခန်း(၂) မြေညီထပ်နေ (ဦးစိုင်းမြမောင်)-(ဒေါ်နန်းမြင့်မြင့်ကြူ)တို့၏ သားငယ်၊ ဒေါ်သက်မော်၏ ခင်ပွန်း၊ ဦးစိုင်းစိမ်းအောင်မိုး-ဒေါ်နန်းရွှေဥတို့၏ မောင်၊ ဒေါ်နန်းဖြူစပွဲယ်၊ ဦးကျော်နိုင်-ဒေါ်နန်းအေးမြစိုး တို့၏ အစ်ကို၊ စိုင်းထက်အောင်ရှိုင်း၊ နန်းဆိုင်ဟွမ်၊ မအိန္ဒြေကြည်စင်၊ မောင်ထိနဖတ်တို့၏ ဦးလေး၊ စိုင်းလွှမ်းမိုးကျော်-မနန္ဒာသိမ့်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးစိုင်းနီမျိုးသက်သည် ၁၃၈၇ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ၁၅-၂-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၇:၄၀ အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၅-၂-၂၀၂၆ ရက်နေ့ မွန်းလွဲ ၁:၀၀ နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီဖြစ်သူအားရည်စူး၍ ၂၁-၂-၂၀၂၆(စနေနေ့)တွင် ပင့်သံဃာတော်အရှင်သူမြတ် (၃)ပါးတို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် တောင်ကြီးမြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက် ၊ ရတနာမဥ္ဇူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် -၁၄၀၊ မြေကွက်အမှတ် (၂၄၆၇) ၊ အမှတ် (၂၄၆၇) ဟု ခေါ်တွင်သည့် အကျယ် (၂၀ ပေ ×၆၀ ပေ) ရှိ (အမှတ် ၂၄၆၈နှင့် ကပ်လျက် ဘက်အခြမ်း)၊ မြေရင်းဘက်အခြမ်း ဒေါ်ဆော်လီလမား အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီသီအေး (၁၂/လမန (နိုင်) ၁၁၃၄၂၈) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးစိုးမင်းကျော်(၁၂/ကကက(နိုင်)၀၀၀၈၀၃)မှအပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း) များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်အေးမြင့်ထွန်း** - တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၀)
LL.B, GTI(EC) , DL-101, WIPO (Switzerland)
အမှတ်(၃၃/A)၊ ပထမထပ်၊ သိရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၅၀၁၅၀၃၄ ၊ ၀၉ - ၇၉၂၃၉၇၁၀၇၊ ၀၉ - ၅၁၄၇၃၈၄

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ ဗလမင်းထင်(၄)လမ်း၊ အမှတ် (၁၆၁၅)နေ ဦးတင်ဝင်း [၈/နမန(နိုင်) ၀၈၈၈၀၃] နှင့် ဒေါ်အေးအေးသန်း [၉/ပမန(နိုင်)၀၂၂၃၃၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအပ်ပါသည်-

ဦးတင်ဝင်း+ ဒေါ်အေးအေးသန်းတို့၏သားဖြစ်သူ မောင်အောင်မျိုးဝင်း [၁၂/သဃက(နိုင်)၁၉၉၂၉၁] သည်မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူလုပ်ဆောင်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးပြည့်ဖြိုးအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၅၈)**
**အမှတ်(၅၁)၊ ဒုတိယထပ်(ဘယ်)၊ (၃၈)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဦးလှကြည်

### ပြည်နယ်တရားသူကြီး(ကျိုင်းတုံ-ငြိမ်း)

### တရားရုံးချုပ်ရှေ့နေ

## အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၁)လမ်း၊ အမှတ်-၁၆-A(4)၊ (၅)လွှာနေ ဒေါ်ခင်နွဲ့ဦး ၏ ခင်ပွန်း၊ ဦးနန္ဒာဦးကျော်-ဒေါ်တင်တင်ထွေး၊ ဦးခိုင်ဇော်ထွန်း-ဒေါ်ကလျာမင်းမင်း၊ ဒေါ်ခင်စန္ဒာကျော် တို့၏ မွေးဖခင်၊ မထက်ကလျာခိုင်၊ မောင်အေးချမ်းမင်းခိုင် တို့၏ အဘိုးသည် ၁၄-၂-၂၀၂၆(စနေနေ့) ည ၁၁:၅၀ နာရီတွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၅-၂-၂၀၂၆ (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၆(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းအုန်း

## အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်းနေ (ဦးအုန်း-ဒေါ်ရှုတင်)တို့၏သား၊ (ဦးစံသိန်း-ဒေါ်အေးမိ)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်ထွန်း)၏ ခင်ပွန်း၊ (ဦးသင်းအုန်း)-ဒေါ်ခင်တည်တို့၏ညီ၊ (ဦးသိန်းအုန်း)-ဒေါ်အေးအေးသီ၊ ဦးဖေသက်-ဒေါ်ခင်သန်းအုန်း၊ ဦးမင်းဇော်-ဒေါ်ယဉ်သန်းအုန်း၊ ဦးအောင်ကိုကိုသိမ့်-ဒေါ်သန္တာအုန်း တို့၏အစ်ကို၊ ဦးဝင်းမင်းမြတ်-ဒေါ်ဝင်းယုခိုင် တို့၏ ဖခင်၊ မဝင်းပြည့်အိမ်၏ အဘိုးသည် ၁၄-၂-၂၀၂၆ရက် ၁၇:၅၅ နာရီတွင်(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၆ရက် မွန်းလွဲ ၁၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကိုကြီး

## အသက်(၈၇)နှစ်

ရမည်းသင်းမြို့၊ ရွှေပြည်သာရပ်ကွက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၃၂)၏ နာယက ဘုရားဒါယကာ၊ ကျောင်းဒါယကာ ဦးကိုကိုကြီး အသက်(၈၇)နှစ် သည် ၁၄-၂-၂၀၂၆ ရက်နေ့ည ၁၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ အောင်တံခွန်လမ်း၊ မြေကွက်အမှတ်-၈၈၇/ခ၊ အကျယ်အဝန်း (အလျား၂၀ပေxအနံ၆၀ပေ)ရှိ ဦးကျော်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ၁။ဒေါ်ညွန့်ညွန့်ဌေး[၁၂/ဒပန(နိုင်)၀၁၆၇၁၈]၊ ၂။ဒေါ်ဌေးဌေးဝင်း[၁၂/ဒပန(နိုင်)၀၁၆၇၁၉]၊ ၃။ဒေါ်ဌေးဌေးကြည်[၁၂/ဒပန(နိုင်)၀၃၉၇၀၁]၊ ၄။ဒေါ်အေးအေးအောင်[၁၂/ဒဂတ(နိုင်)၀၂၅၇၃၈]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းထွန်း[၁၂/လကန(နိုင်)၁၆၈၅၅၇]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းထွန်း၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြသီတာ(LL.B)** | **ဒေါ်အေးသန္တာမင်းအောင်(LL.B,D.B.L)** |
| **(စဉ်-၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၈၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၉၆)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၆-လွှာ)(ခေါင်းရင်း)၊ အကျယ်အဝန်း(အနံ ၁၂ ပေခွဲxအလျား ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းအားလုံးအပြင် ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မြင့်ငွေ [၁၂/ကမတ(နိုင်)၀၄၇၁၁၅]မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခိုင်မြင့်ကျော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၀၀)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၆၃၉၃၂၄**

❖ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲ ဖြစ်ပါတယ်။ ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်တိုက်ခိုက်ထိန်းချုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး ပြန်လည်ထိန်းချုပ်လျက်ရှိရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကယားပြည်နယ် ဖားဆောင်းမြို့အားလည်း ယနေ့ ဖေဖော်ဝါရီ ၁၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်ပြီး လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ပြီး ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့အား ထိန်းချုပ်ရန် တိုက်ပွဲများဖော်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး မြို့၊ ကျေးရွာများတွင် ကျေးရွာသူ ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက် ဝင်ရောက်နေရာယူပြီး ပြည်သူများအား လက်နက်အားကိုးဖြင့် စာမျက်နှာ ၁၆ ကော်လံ ၁ သို့❖




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

# အစိုးရရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား

ငွေဆောင် ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် တည်ရှိသော ငွေဆောင်ကမ်းခြေသို့ အစိုးရရုံးပိတ်ရက်ကာလဖြစ်သော ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှစတင်ကာ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များစွာ လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖



# MNL ပြိုင်ပွဲတွင် နောက်ကျဂိုးများဖြင့် အား / ကာသိပ္ပံအသင်းအနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၂၅/၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ပထမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်း သရေကျခဲ့သည်။ စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○

## ယနေ့ ဖတ်စရာ

မူဆယ်မြို့၌ ငွေကျပ်သိန်း ၂၀၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

အနာဂတ်အလုပ်အကိုင်များ ဖွံ့ဖြိုးဖို့ AI ကို အကျိုးရှိစွာ အသုံးချစို့
စာမျက်နှာ » ၂၂

ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဂိုး ၅၀၀ ပြည့်ခဲ့တဲ့ ပထမဆုံး အင်္ဂလန်ကစားသမား တိုက်စစ်မှူး ဟယ်ရီကိန်း
စာမျက်နှာ » ၂၅